# စားနပ်ရိက္ခာဖူလုံမှုနှင့် ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးဆိုင်ရာ အခြေအနေများနှင့်စပ်လျဉ်း၍ အသေးစားငါးဖမ်းလုပ်ငန်းများကို ရေရှည်ခိုင်မာလုံခြုံမှုရှိစေရန်အတွက် လိုက်နာလုပ်ဆောင်သင့်သည့် လမ်းညွှန်ချက်များ



## ၁။ နိဒါန်း

- ဤ "*စားနပ်ရိက္ခာဖူလုံမှုနှင့် ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးဆိုင်ရာ အခြေအနေများနှင့် စပ်လျဉ်း၍ အသေးစားငါးဖမ်းလုပ်ငန်းများကို ရေရှည်ခိုင်မာလုံခြုံမှုရှိစေရန်အတွက် လိုက်နာလုပ်ဆောင်သင့်သည့် လမ်းညွှန်ချက်များ*" ကို ၁၉၉၅ခုနှစ်တွင်ပြဌာန်းသည့် ငါးလုပ်ငန်းဆိုင်ရာတာဝန်များအတွက် လိုက်နာကျင့်သုံးရမည့် FAO ၏လုပ်ငန်းပိုင်းဆိုင်ရာ စံသတ်မှတ်ချက်များ (the code) ၏ **ဖြည့်စွက်ချက်**အနေဖြင့် ရေးဆွဲခဲ့ခြင်းဖြစ်သည်။
- ဤသတ်မှတ်ချက်များသည် အလုံးစုံသော အခြေခံမူများနှင့် သတ်မှတ်ပြဌာန်းချက်များကို ထောက်ကူပေးမည့် အသေးစားငါးလုပ်ငန်းများနှင့် ပတ်သက်၍ ဖြည့်စွက်လမ်းညွှန်မှုများကို ပေးအပ်နိုင်ရန်ဖြစ်သည်။ ထို့အပြင် အရေးကြီးကဏ္ဍဖြစ်သော အသေးစားငါးဖမ်းလုပ်ငန်းများ၏ အခန်းကဏ္ဍတွင် မြင်သာမှုရှိစေရန်၊ အသိအမှတ်ပြုမှုနှင့် တိုးတက်ကောင်းမွန်မှုများ ရှိလာစေရန်အတွက် အထောက်အကူပေးရန်ရည်ရွယ်ပြီး ကမ္ဘာလုံးဆိုင်ရာနှင့် နိုင်ငံတော်အဆင့်များတွင်လည်း **ငတ်မွတ်မှု၊ ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေး**အတွက် ကြိုးပမ်းမှုများ တွင်ပါဝင်နိုင်ရန်လည်း ဖြစ်သည်။
- ဤလမ်းညွှန်ချက်သည် ငါးလုပ်ငန်းဆိုင်ရာတာဝန်များနှင့် လက်ရှိ၊ အနာဂတ်မျိုးဆက်များ၏ လူမှုရေး၊ စီးပွားရေးဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးများကို ထောက်ကူပေးနိုင်ရန်ဖြစ်ပြီး ထိခိုက်လွယ်လူအုပ်စုများ၊ ခွဲခြားဆက်ဆံခံရသူများအတွက် လူ့အခွင့်အရေးအခြေခံသော ချဉ်းကပ်မှုပုံစံနှင့်အညီ မြှင့်တင်လုပ်ဆောင်ခြင်းများ အပါအဝင် **အသေးစားငါးဖမ်းသူများနှင့် ငါးလုပ်ငန်းလုပ်သားများဆိုင်ရာ ကိစ္စရပ်များကို အထူးဂရုပြု လုပ်ဆောင်** သွားရန်ဖြစ်သည်။
- ဤလမ်းညွှန်ချက်များသည် အထူးသဖြင့် **သဘောဆန္ဒအလျောက် လိုက်နာလုပ်ဆောင်ရန်၊** ကမ္ဘာနှင့်ချီ၍ ရှုမြင်လုပ်ဆောင်ရန်၊ ဖွံ့ဖြိုးဆဲတိုင်းပြည်များအပေါ်တွင် အဓိက စူးစိုက်လုပ်ဆောင်သွားရန်ဖြစ်သည်။
- အသေးစားငါးဖမ်းလုပ်ငန်းများသည် **ကမ္ဘာတပှမ်းလုံး ငါးဖမ်းဆီးမှု၏ တဝက်ခန့်**အထိရှိသည်။
- ဖမ်းဆီးရမိသမျှ၌ လူသားတို့တိုက်ရိုက်စားသုံးမှုတွင် အသေးစားငါးလုပ်ငန်းမှ ဖမ်းဆီးရမိသည့် အရေအတွက်သည် **သုံးပုံနှစ်ပုံအထိ** တိုးတက်လာသည်ဟု သုံးသပ်နိုင်သည်။ အသေးစားငါးလုပ်ငန်းများမှ ဖမ်းမိသမျှအရေအတွက်အများစုကို လူသားတို့တိုက်ရိုက်စားသုံးမှုပြုသောကြောင့် ကုန်းတွင်းငါးလုပ်ငန်းများမှာ ဤကိစ္စရပ်နှင့်ပတ်သက်၍ အရေးကြီး သက်ဆိုင်သောအချက်ဖြစ်လာသည်။
- အသေးစားငါးလုပ် ငန်းများတွင် ကမ္ဘာတပှမ်းလုံးရှိ တံငါသည်များ၊ ငါးလုပ်ငန်းလုပ်သားများ၏ **၉၀% ကျော်ကို** အလုပ် ပေးထားပြီး အရေအတွက် **တဝက်ခန့်သည် အမျိုးသမီးများဖြစ်သည်။** အချိန်ပြည့်၊ အချိန်ပိုင်း ငါးဖမ်း လုပ်ငန်းမှ အလုပ်အကိုင်များကို ဖန်တီးပေးသည့်အပြင် ရာသီအလိုက် (သို့) အခြေအနေအလိုက် ငါးဖမ်းလုပ်ငန်းများနှင့် ဆက်စပ်လုပ်ငန်းများသည်လည်း **သန်းပေါင်းများစွာသောသူတို့အတွက် ရှင်သန်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ** ဖြစ်စေသည်။
- ဤသို့သောလုပ်ငန်းများသည် မကြာခဏရရှိတတ်သည့် အလုပ်များ (သို့) ခက်ခဲသည့်အချိန်များတွင် အထူးသဖြင့်အရေးကြီးသည့် **အားကိုးမှီခိုရာလုပ်ငန်းများ**လည်း ဖြစ်နိုင်သည်။ အသေးစား ငါးဖမ်းသူများနှင့် ငါးလုပ်သားများသည် ကိုယ်ပိုင်ငါးဖမ်းလုပ်ငန်းကိုလုပ်ကိုင်ကြပြီး ၎င်းတို့အိမ်ထောင်စုများနှင့် ရပ်ရွာအတွက် စားနပ်ရိက္ခာရရှိရန် (သို့မဟုတ်) စီးပွားဖြစ်ဖမ်းယူခြင်းများ၊ ရေထွက်ကုန်များကို ပြုပြင်ပြောင်းလဲခြင်းများနှင့် ရောင်းချခြင်းများအတွက် ဖြစ်သည်။
- ငါးဖမ်းလုပ်ငန်းများနှင့် ဆက်စပ်လုပ်ငန်းများသည် ရံဖန်ရံခါ ကမ်းရိုးတန်းဒေသများ၊ ကန်ဘေးနှင့် ရေကမ်းပါးဒေသများရှိ လူထု၏ ဒေသတွင်းစီးပွားရေးကို အထောက်အပံ့ဖြစ်စေပြီး **အခြားသောကဏ္ဍများကိုပါ အကျိုးသက်ရောက်မှုအမျိုးမျိုးဖြစ်စေသည်။**

## ၁။ နိဒါန်း

(က) ဖြည့်စွက်ချက်လမ်းညွှန်များ




(ခ) ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေး




(ဂ) ရေလုပ်ငန်းဆိုင်ရာ ကိစ္စရပ်အားလုံးအတွက်




(ဃ) သဘောဆန္ဒအလျောက်ဆောင်ရွက်ရန်




(င) အသေးစားရေလုပ်ငန်းမှ ငါးဖမ်းဆီးရရှိမှု



(စ) တိုက်ရိုက်စားသုံးမှုအတွက် ထောက်ပံ့ပေးမှု



(ဆ) အသေးစားရေလုပ်ငန်းမှ အလုပ်အကိုင်ပံ့ပိုးမှု




(ဇ) အားထားမှီခိုရာ အသေးစားရေလုပ်ငန်း




(ဈ) အခြားကဏ္ဍများအပေါ်အကျိုးသက်ရောက်မှု



## ၂။ ရည်ရွယ်ချက်များ

အောက်ဖော်ပြပါ ရည်ရွယ်ချက်များကို လူ့အခွင့်အရေး အခြေခံသော ချဉ်းကပ်မှုပုံစံများဖြင့် တိုးမြှင့်လုပ်ဆောင်သွားရန်ဖြစ်သည်။ ဤလမ်းညွှန်ချက်များ၏ ရည်ရွယ်ချက်များမှာ......

**က။** ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာ ပြည့်စုံလုံလောက်ရေးနှင့် အာဟာရပြည့်မီရေး အတွက် အသေးစားငါးဖမ်းလုပ်ငန်းများ၏ **ပါဝင်ဆောင်ရွက်မှုကို တိုးမြှင့်ရန်နှင့်** ပြည့်စုံလုံလောက်သော စားနပ်ရိက္ခာ ရရှိပိုင်ဆိုင်ခွင့်အတွက် တိုးတက်မှန်ကန်သော **အသိအမြင်များ ဖြစ်ပေါ်လာရေး** ထောက်ကူပေးရန်၊

**ခ။** အသေးစားငါးဖမ်းလုပ်ငန်း အသိုက်အဝန်းများ သာတူညီမျှစွာ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးတွင် ပါဝင်ဆောင်ရွက်နိုင်ပြီး ငါးဖမ်းလုပ်သားများနှင့် ငါးလုပ်ငန်း လုပ်သားများ၏ **လူမှုစီးပွားရေးဆိုင်ရာ** အခြေအနေများကို ရေရှည်တည်တံ့ခိုင်မြဲသော စီမံခန့်ခွဲမှုများဖြင့် **တိုးတက်လာစေရန်၊**

**ဂ.** ငါးလုပ်ငန်းဆိုင်ရာများအတွက် ကျင့်သုံးလိုက်နာရမည့် စံသတ်မှတ်ချက်များ၊ သက်ဆိုင်ရာ နည်းလမ်းများနှင့်အညီ ရေရှည်တည်တံ့ခိုင်မြဲသော **သုံးစွဲမှု၊** အမျှော်အမြင်ရှိပြီး တာဝန်ယူ လုပ်ဆောင်မည့် **စီမံခန့်ခွဲရေး**နှင့် ငါးလုပ်ငန်းအရင်းအမြစ်များ **ထိန်းသိမ်းရေး**တို့ ရရှိနိုင်ရန်၊

**ဃ.** ကမ္ဘာမြေကြီးနှင့် လူသားများအတွက် စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲမည့် အနာဂတ်ကို ဖန်တီးပေးနိုင်ရန်အတွက် အသေးစားငါးဖမ်းလုပ်ငန်းများ၏ ပါဝင်မှု **အခန်းကဏ္ဍများကို မြှင့်တင်ရန်၊**

**င.** အသေးစားငါးဖမ်းလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် တာဝန်များကို တိုးတက် မြှင့်တင်ပေးနိုင်ရန်အတွက် မူဝါဒများ၊ နည်းဗျူဟာများနှင့် တရားဝင်သတ်မှတ်ချက် **မူဘောင်များချမှတ်ရန်၊** နိုင်ငံတော်နှင့် အကျိုးဆိုင်သူများမှ ပူးပေါင်းစီစဉ်ချမှတ်သည့် သဘာဝဂေဟစနစ်နှင့် ယဉ်ပါးသော ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကောင်အထည်ဖော်ရေး လုပ်ငန်းများကို **လမ်းညွှန်မှုပေးနိုင်ရန်၊**

**စ.** ဘိုးဘွားအစဉ်အလာ၊ ဓလေ့ထုံးတမ်းများနှင့် ၎င်းတို့၏သက်ဆိုင်ရာ ကန့်သတ်ချက်များ၊ အခွင့်အလမ်းများကို ထည့်သွင်းသုံးသပ်ပြီး အသေးစားငါးဖမ်းလုပ်ငန်းများအတွက် စရိုက်သဘာဝ၊ အခန်းကဏ္ဍ၊ ပါဝင်ဆောင်ရွက်မှုများ၊ ဖြစ်နိုင်ချေရှိသည်များနှင့် ပတ်သက်သော **အသိအမြင် ဗဟုသုတများကို မြှင့်တင်ပေးရန်နှင့်** ပြည်သူတို့၏ **အသိနှင့် သတိရှိမှုများကို တိုးတက်လာစေရန်။**

## ၂။ ရည်ရွယ်ချက်

(က) ပါဝင်ဆောင်ရွက်မှု တိုးမြှင့်ရန်



အသိအမြင်များဖြစ်ပေါ်လာစေရန်



(ခ) လူမှုစီးပွားတိုးတက်လာစေရန်




(ဂ) သုံးစွဲမှု၊ စီမံခန့်ခွဲမှု နှင့် ထိန်းသိမ်းရေး






(ဃ) အသေးစားရေလုပ်ငန်း၏အခန်းကဏ္ဍ တိုးမြှင့်ရန်




(င) မူဘောင်ချမှတ်ရန်၊ လမ်းညွှန်မှုပေးရန်




(စ) အသိအမြင်၊ ဗဟုသုတ မြှင့်တင်ပေးရန်နှင့် အသိနှင့်သတိရှိမှုများ တိုးတက်လာစေရန်



## ၃။ သဘောသဘာဝနှင့် နယ်ပယ်အတိုင်းအတာ

**က။** ဤလမ်းညွှန်ချက်များ၏ သဘောသဘာဝမှာ **ဆန္ဒအလျောက် ပါဝင်လုပ်ဆောင်ရန်သာဖြစ်သည်။** ဤလမ်းညွှန်ချက်များကို **အသေးစားငါးဖမ်းလုပ်ငန်း အခြေအနေအားလုံးအတွက် အသုံးပြုသွားရန်** ဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာ အတိုင်းအတာသာမက ဖွံ့ဖြိုးဆဲနိုင်ငံများ၏ လိုအပ်ချက်များတွင်လည်း အထူး အာရုံစိုက် လုပ်ဆောင်သွားရန်ဖြစ်သည်။

**ခ။** ဤလမ်းညွှန်ချက်သည် ပင်လယ်ပြင်နှင့်ကုန်းတွင်း အသေးစားငါးဖမ်းသူအားလုံးနှင့် သက်ဆိုင်သည်။ (ဆိုလိုသည်မှာ ငါးဖမ်းလုပ်ငန်းတစ်ခုလုံးရှိ လုပ်ငန်းစဉ်အားလုံးတွင် လုပ်ကိုင်နေသော အမျိုးသား၊အမျိုးသမီးများအားလုံးနှင့် သက်ဆိုင်သည်) အသေးစားငါးဖမ်းလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူရေး၏ ဆက်စပ်မှုကို အသိမှတ်ပြုသော်လည်း ငါးဖမ်းလုပ်ငန်းများအတွက် အထူးဦးတည်ပါသည်။

**ဂ။** ဤလမ်းညွှန်ချက်များသည် FAO အဖွဲ့ဝင်နှင့် အဖွဲ့ဝင်မဟုတ်သော **နိုင်ငံအားလုံးအတွက်** ဖြစ်ပြီး နိုင်ငံတစ်ခုရှိ အဆင့်အသီးသီးသာမက ဒေသခွဲ၊ ဒေသဆိုင်ရာ၊ နိုင်ငံတကာနှင့် အစိုးရဌာနတွင်းမှ ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းများ၊ အသေးစားငါးဖမ်းလုပ်ငန်းများတွင် ပတ်သက်ဆက်နွှယ်သူများ (ငါးဖမ်းသမားများ၊ ငါးလုပ်ငန်းလုပ်သားများ၊ ၎င်းတို့၏အသိုက်အဝန်း၊ ရိုးရာဓလေ့ထုံးစံအရ ဩဇာရှိသူ များနှင့် သက်ဆိုင်ရာ ပညာရှင်အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ) ပါဝင်သည်။ ထို့အပြင် သုတေသနနှင့် ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအခန်းကဏ္ဍ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ငါးလုပ်ငန်းဆိုင်ရာ သက်ဆိုင်သူအားလုံး၊ ကမ်းရိုးတန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ရေပေါ်ရေအောက် သဘာဝပတ်ဝန်းကျင်ကို အသုံးပြုနေသူများ အားလုံးအတါက် ရည်ရွယ်သည်။

**ဃ။** ဤလမ်းညွှန်ချက်များသည် အသေးစား ငါးဖမ်းလုပ်ငန်းများတွင် ကဏ္ဍခွဲများ၏ သတ်မှတ်ချက် များကိုလည်း ကောင်းစွာ အသိအမှတ်ပြုသည်။ ထိုနည်းတူစွာ လမ်းညွှန်ချက်များတွင်လည်း အသေးစား ငါးဖမ်းလုပ်ငန်းများအတွက် **တပြေးညီစံသတ်မှတ်ချက်များကို ချမှတ်ခြင်းမရှိပါ။** နိုင်ငံအလိုက်၊ အမျိုးသားအဆင့် မည်သို့လုပ်ဆောင်သင့်သည်ဟူသော လမ်းညွှန် သတ်မှတ်ချက်များကို ချမှတ်ထားခြင်းမရှိပါ။ ဤလမ်းညွှန်ချက်များသည် အထူးသဖြင့် **အသေးစားငါးလုပ်ငန်းများ ရှင်သန် ရပ်တည်ရန်**နှင့် ငါးလုပ်ငန်းမှ **ထိခိုက်လွယ်ခံစားရသူများနှင့် ပို၍သက်ဆိုင်သည်။** လုပ်ကိုင်ဆောင်ရွက်သူများသည် အသေးစားငါးဖမ်းလုပ်ငန်းများဖြစ်သည်၊ မည်သည့်အုပ်စုများသည် ထိခိုက်လွယ် (သို့) ခွဲခြားဆက်ဆံခံရသော အုပ်စုများဖြစ်ပြီး ပို၍ အလေးပေး လုပ်ဆောင်သင့်သည် စသည့်အချက်များကို သေချာမှန်ကန်စွာ လုပ်ဆောင်ရန် အရေးကြီးသည်။

**င။** ဤလမ်းညွှန်ချက်များသည် နိုင်ငံ၏အမျိုးသားအဆင့် တရားဥပဒေဆိုင်ရာစနစ်များနှင့် ၎င်းတို့၏ အဖွဲ့အစည်းများအတွက် သင့်လျော်ကိုက်ညီသလို ပြန်ဆိုအသုံးပြု သင့်ပေသည်။

## ၃။ သဘောသဘာဝနှင့် နယ်ပယ်အတိုင်းအတာ

(က) ဆန္ဒအလျောက်ပါဝင်လုပ်ဆောင်ရန်




အသေးစားငါးလုပ်ငန်းအခြေအနေအားလုံးအတွက် အသုံးပြုရန်




(ခ) ပင်လယ်၊ ကုန်းတွင်း အားလုံးနှင့်သက်ဆိုင်သည်



(ခ) ဖမ်းဆီးခြင်းလုပ်ငန်းအပေါ်ပို၍အာရုံစိုက်သည်



(ဂ) နိုင်ငံအားလုံးအတွက်ဖြစ်သည်



ဆိုင်ရာအဖွဲ့ အစည်းအားလုံးနှင့်သက်ဆိုင်သည်




(ဃ) တပြေးညီ စံသတ်မှတ်ထားခြင်းမရှိပါ



(ဃ) အသေးစားငါးလုပ်ငန်းများ ရှင်သန်ရပ်တည်ရန်




ထိခိုက်ခံစားရလွယ်သူများနှင့် အထူးသက်ဆိုင်သည်




(င) သင့်လျော်သလို ပြန်ဆို အသုံးပြုသင့်သည်



## ၄. အခြေခံသဘောတရား လမ်းညွှန်ချက်များ

**က။ *လူ့အခွင့်အရေးနှင့် ဂုဏ်သိက္ခာ* -** တစ်ဦးချင်းစီ၏ မွေးရာပါ ဂုဏ်သိက္ခာနှင့် တန်းတူညီမျှမှု၊ ထာဝရပိုင်ဆိုင်သည့် လူ့အခွင့်အရေးကို အသိအမှတ်ပြုသည်။
**ခ။ *ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို လေးစားခြင်း* -** ဖွဲ့စည်းတည်ရှိသည့် ပုံစံ၊ အစဉ်အလာထုံးတမ်းများနှင့် ဒေသဆိုင်ရာအသိအမြင်၊ လုပ်ကိုင်ဆောင်ရွက်မှုများကို အသိအမှတ်ပြု လေးစားရမည်။
**ဂ။ *နှိမ်ချခွဲခြားဆက်ဆံမှုမရှိရေး* -** အသေးစားငါးဖမ်းလုပ်ငန်းများတွင် နှိမ်ချခွဲခြားဆက်ဆံမှု ပုံစံအားလုံးမရှိစေရေး မူဝါဒများနှင့် ဆောင်ရွက်မှုများကို မြှင့်တင်ပေးရမည်။
**ဃ။ ကျား/မ သာတူညီမျှမှု -** အမျိုးသမီးများ၏ ပါဝင်မှု အခန်းကဏ္ဍကို အသိအမှတ်ပြုပြီး သာတူညီမျှ အခွင့်အရေးနှင့် အခွင့်အလမ်းများကို မြှင့်တင်သင့်သည်။
**င။ သာတူညီမျှမှုနှင့် သက်ညှာမှု -** လူ့အခွင့်အရေးအားလုံးကို တူညီစွာခံစားခွင့်အပါအဝင် လူပုဂ္ဂိုလ်အားလုံးအတွက် တရားမျှတမှုနှင့် သမာသမတ်ကျကျ ဆက်ဆံမှုများကို ဥပဒေအရသာမက အကောင်အထည်ဖော်ဖော် ဆောင်ရွက်မှုများတွင်လည်း မြှင့်တင်ရမည်။
**စ။ ဆွေးနွေးညှိနှိုင်းမှုနှင့် ပါဝင်ဆောင်ရွက်မှု -** ဒေသခံများ၏ အခွင့်အရေးအတွက် ကုလသမဂ္ဂ၏ ကြေငြာစာတမ်း(UN DRIP) နှင့်အညီ ဆောင်ရွက်သင့်သည်။
**ဆ။ တရားဥပဒေစိုးမိုးမှု -** သက်ဆိုင်ရာ ဘာသာစကားဖြင့် ကျယ်ပြန့်စွာဖော်ပြထားပြီး၊ တရားဥပဒေအခြေပြု ချဉ်းကပ်နည်းများဖြင့် ကိုက်ညီအောင်ဆောင်ရွက် ရမည်။
**ဇ။ ပွင့်လင်းမြင်သာမှု -** မူဝါဒများ၊တရားဥပဒေများနှင့်လုပ်ထုံးလုပ်နည်းများ၊ဆုံးဖြတ်ချက်များကို အများနားလည်သိရှိနိုင်သောဘာသာစကား၊ ပုံစံများဖြင့်ဖော်ပြရမည်။
**ဈ။ တာဝန်ခံမှု -** တရားဥပဒေစိုးမိုးမှုဆိုင်ရာ စည်းမျဉ်းများနှင့်အညီ လူတစ်ဦးချင်းစီ၊ CSO နှင့် NGO၊ ဆုံးဖြတ်ဆောင်ရွက်မှုများကို တာဝန်ခံရမည်
ည။ **စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ခိုင်မြဲမှု -** အရင်းအမြစ်များကို အလွန်အကျွံထုတ်ယူသုံးစွဲခြင်းနှင့် သဘာဝပတ်ဝန်းကျင်၊ လူမှု/စီးပွားရေးဆိုင်ရာနှင့် အခြားမလိုလားအပ်သည်များ မဖြစ်ပေါ်စေရန် ကြိုတင်သတိရှိသော၊ ကောင်းမွန်သည့် ထိခိုက်မှုစီမံခန့်ခွဲမှုစနစ်များဖြင့် လုပ်ဆောင်ရမည်။
**ဋ။ အလုံးစုံပါဝင်ဆောင်ရွက်ခြင်းနှင့် ပူးပေါင်းပါဝင်ချဉ်းကပ်ခြင်း -** ရေလုပ်ငန်းကို ဂေဟစနစ်ဖြင့် ကိုက်ညီအောင် ချဉ်းကပ်လုပ်ဆောင်ခြင်းကို အရေးကြီးသော အခြေခံ လမ်းညွှန်ချက်တစ်ခု အနေဖြင့် သတ်မှတ်ပြီး၊ ချိတ်ဆက်လျက် ရှိသော အခြားသီးခြား ကဏ္ဍများနှင့် အသီးသီးညှိနှိုင်းဆောင်ရွက် အကောင်အထည်ဖော်ရ မည်။
**ဌ။ လူမှုရေးဆိုင်ရာ တာဝန်ဝတ္တရားများ -** အကျိုးဆိုင်သူများအကြား ပူးပေါင်းဆောင်ရွက်မှု မြင့်မားလာစေသော ပတ်ဝန်းကျင်တစ်ခုဖြစ်လာစေပြီး ရပ်ရွာလူထု၏ စည်းလုံးညီညွတ်မှု၊ ပေါင်းစည်းမှုနှင့် ပူးတွဲတာဝန်ယူမှုများကို မြှင့်တင်ပေးခြင်းများကို တိုက်တွန်းလုပ်ဆောင်သင့်ပေသည်။
**ဍ။ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ဖြစ်ပေါ်လာနိုင်သည့် အလားအလာ -** အသေးစား ငါးဖမ်းလုပ်ငန်းဆိုင်ရာ အုပ်ချုပ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများသည် လူမှုရေး၊ စီးပွားရေးနှင့်အညီ တိုးတက်လာစေရေးအတွက် မူဝါဒများ၊ နည်းဗျူဟာများနှင့် လုပ်ငန်းအစီအစဉ်များသည် မှန်ကန်ကောင်းမွန်နေစေရမည်။ လက်ရှိအနေအထား၊ အကောင်အထည်ဖော်ဆောင်ရွက်နိုင် သော၊ လိုက်လျောညီထွေဖြစ်စေရန် ပြောင်းလဲနိုင်သော အခြေအနေများကို အသိပေး ဖော်ဆောင်သင့်ပြီး ရပ်ရွာလူထုမှ တုံ့ပြန်ဆောင်ရွက်မှုများကိုလည်း အထောက်အပံ့ပေးသင့် သည်။

## ၄။ အခြေခံသဘောတရားလမ်းညွှန်ချက်များ

(က) လူ့အခွင့်အရေးနှင့် ဂုဏ်သိက္ခာ



(ခ) ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကိုလေးစားခြင်း



(ဂ) နိမ့်မြင့် ခွဲခြားဆက်ဆံမှု မရှိစေရေး




(ဃ) ကျား/မ တန်းတူညီမှုနှင့် သက်ညှာမှု




(င) သာတူညီမျှမှုနှင့် သက်ညှာမှု



(စ) ဆွေးနွေးညှိနှိုင်းမှုနှင့် ပါဝင်ဆောင်ရွက်မှု




(ဆ) တရားဥပဒေစိုးမိုးမှု




(ဇ) ပွင့်လင်းမြင်သာမှု




(ဈ) တာဝန်ခံမှု




(ည) လူမှု၊ စီးပွား၊ သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့မှု



(ဋ) ဂေဟစနစ်နှင့်ကိုက်ညီသောချဉ်းကပ်လုပ်ဆောင်မှု



(ဌ) လူမှုရေးဆိုင်ရာ တာဝန်ဝတ္တရား



(၃) လူမှုစီးပွား အလားအလာ



## ၅။(က) လုပ်ပိုင်ခွင့်များစီမံအုပ်ချုပ်ရေးအတွက် တာဝန်ရှိသည့် အချက်များ

**က။** ပါဝင်သက်ဆိုင်သူအားလုံးသည် အသေးစားရေလုပ်ငန်းမှ မြေယာ၊ ငါးလုပ်ငန်းနှင့် သစ်တောဆိုင်ရာ **ပိုင်ဆိုင်မှုများ စီမံအုပ်ချုပ်ရေး**သည် လူမှုဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်မှု စသည်တို့၏ ဗဟိုချက်ဖြစ်သည်ကို အသိအမှတ်ပြုရမည်။

**ခ။** ဆိုင်ရာဥပဒေသများဖြင့် အသေးစားတံငါသည်များ၊ ရေလုပ်သားများ၏ လူမှုဘဝများတွင် လုံခြုံသော၊ တရားမျှတသော၊ လူမှုရေး၊ ထုံးတမ်းစဉ်လာအရ ညီညွတ် မှန်ကန်သော ရေလုပ်ငန်းအရင်းအမြစ်များ၊ အသေးစားငါးဖမ်းဧရိယာများနှင့် ဆက်စပ်ကုန်းမြေများ စသည်တို့ကို **ပိုင်ဆိုင်နိုင်သည့် အခွင့်အရေး** ရှိစေရမည်။

ဂ။လိုအပ်သည့်ဥပဒေများကို ပြဋ္ဌာန်းသက်ရောက်စေရမည်။ သင့်လျော်သည့်နည်းလမ်းဖြင့် သတ်မှတ်၊ မှတ်တမ်းတင်၊ လေးစားလိုက်နာရမည်။ လုပ်ထုံးလုပ်နည်းများအပြင် **ထုံးတမ်းအစဉ်အလာများနှင့်ပါ အသိအမှတ်ပြုရမည်ဖြစ်ပြီး** နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေသများနှင့် အညီ လေးစားလိုက်နာ ကာကွယ်ပေးသင့်သည်။

**ဃ။** နိုင်ငံတော်အနေဖြင့် ဒေသတွင်း ရေနေသတ္တဝါများနှင့် ကမ်းရိုးတန်းရှိ သဘာဝဂေဟစနစ်ကို ပူးတွဲစီမံခန့်ခွဲရန်၊ ပြန်လည်မြှင့်တင်ရန်၊ ထိန်းသိမ်းရန်နှင့် ကာကွယ်စောင့်ရှောက်ရန်အတွက် အသေးစားငါးဖမ်းလုပ်ငန်း အသိုက်အဝန်းများ၏ **အခန်းကဏ္ဍကို အသိအမှတ်ပြုသင့်ပေသည်။**

**င။** နိုင်ငံတော်ပိုင် (သို့) ထိန်းချုပ်ထားသည့်ရေ(ငါးဖမ်းအရင်းအမြစ်များအပါအဝင်)၊ မြေယာ အရင်းအမြစ်များကဏ္ဍတွင် **အရင်းအမြစ်များပိုင်ဆိုင်ခွင့်**နှင့် **အသုံးပြုခြင်း**ဆိုင်ရာ ကိစ္စရပ်များ၌ လူမှုရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရည်ရွယ်ချက်များကို ထည့်သွင်းစဉ်းစားသင့် သည်။

**စ။** တန်းတူညီမျှသော အကျိုးရလာဒ်များ ရရှိနိုင်စေရန်အတွက် အသေးစားငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများကို သင့်လျော်သည့် **ငါးဖမ်းခွင့်**များချမှတ်ပေးသင့်ပြီး အထူးသဖြင့် ထိခိုက်လွယ်အုပ်စုများ အတွက်ဖြစ်သည်။ သီးသန့်ငါးဖမ်းရန် နေရာများကို **သတ်မှတ်ဖန်တီးပေးသင့်သည်။**

**ဆ။** နိုင်ငံတော်အနေဖြင့် အသေးစားရေလုပ်ငန်း အသိုက်အဝန်းအတွက် တန်းတူညီမျှသော ရေလုပ်ငန်း အရင်းအမြစ်များရရှိနိုင်စေရန်၊ အမျိုးသား စားနပ်ရိက္ခာ လုံခြုံရေးအရ မြေယာ၊ ငါးဖမ်းလုပ်ငန်းနှင့် သစ်တောများဆိုင်ရာ ပိုင်ဆိုင်ခွင့်အတွက် လုပ်ထုံး/နည်းများနှင့်အညီ **ပြန်လည်ပေးအပ်မျှဝေမှုများ ပြုလုပ်သင့်သည်။**

**ဇ။** နိုင်ငံတော်အနေဖြင့် အသေးစားငါးဖမ်းလုပ်ငန်းများ မတရားသဖြင့် ဖယ်ရှားခံရခြင်းနှင့် ၎င်းတို့၏ **တရားဝင်ပိုင်ဆိုင်ခွင့်များ ပျောက်ဆုံးခြင်း၊ ချိုးဖောက်ခံရခြင်းများ မရှိစေရန် လုပ်ဆောင်ရမည်။**

**ဈ။** နိုင်ငံတော်နှင့် အခြားသက်ဆိုင်သူများအားလုံးအနေဖြင့် အကြီးစားဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ အကောင်အထည်မဖော်မီ ထိခိုက်သက်ရောက်မှုဆိုင်ရာ လေ့လာချက်များ၊ ညှိနှိုင်းတိုင်ပင်မှုများ ပြုလုပ်ပြီး လူမှုရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ **ထိခိုက်နိုင်ခြေများကို ကြိုတင်တွက်ချက် သင့်သည်။**

**ည။** နိုင်ငံတော်အနေဖြင့် အသေးစားငါးဖမ်းလုပ်ငန်း အသိုက်အဝန်းများနှင့် တစ်ဦးချင်းစီ၏ ပိုင်ဆိုင်ခွင့်ဆိုင်ရာ အငြင်းပွားမှုများကို တရားဥပဒေနှင့်အညီ အချိန်နှင့်တပြေးညီ၊ **ကိုင်တွယ်ဖြေရှင်း ပေးသင့်သည်။** ထိခိုက်မှုအတွက်လျော်ကြေးပေးခြင်း၊ ထိခိုက်မှုရံပုံငွေ ထူထောင်ပေးခြင်း၊ လျော်ကြေးပေးခြင်းနှင့် အစားပြန်လည်ပေးအပ်ခြင်း စသည့် လုပ်ဆောင်မှုများကို ပြုလုပ်ပေးရန်လိုအပ်သည်။

**ဋ။** နိုင်ငံတော်အနေဖြင့် သဘာဝဘေးအန္တရာယ်များ (သို့) လက်နက်ကိုင်ပဋိပက္ခများကြောင့် ရွှေ့ပြောင်း ပေးခဲ့ရသော အသေးစားငါးဖမ်းလုပ်ငန်းများ၏ ယခင်ဖမ်းဆီးခဲ့သည့် ငါးဖမ်းလုပ်ကွက်များနှင့် ကမ်းရိုးတန်းဒေသများကိုလည်း **ပြန်လည်အသုံးပြုနိုင်ရန် ကြိုးပမ်းအားထုတ်ပေးရန်လိုအပ်သည်။** ထို့အတူ လူ့အခွင့်အရေးချိုးဖောက်ခံရမှုကြောင့် ထိခိုက်ခံစားရသော ငါးဖမ်းလုပ်ငန်း အသိုက်အဝန်း များကိုလည်း ၎င်းတို့၏ ဘဝများနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည်ထူထောင်ရာတွင် ထောက်ပံ့ကူညီနိုင်ရန် လုပ်ငန်းစဉ်များ ထူထောင်ပေးသင့်ပေသည်။

## ၅(က)။ လုပ်ပိုင်ခွင့်များ စီမံအုပ်ချုပ်ရေးအတွက် တာဝန်ရှိသည့်အချက်များ

(က) ပိုင်ဆိုင်မှုများအား စီမံအုပ်ချုပ်ရေး



(ခ) ပိုင်ဆိုင်နိုင်ခွင့်




(ဂ) ထုံးတမ်းစဉ်လာအရ ပိုင်ဆိုင်ခွင့်




(ဃ) အစန်းကာကွာ အသိအမှတ်ပြုခြင်း




(င) အရင်းအမြစ်ပိုင်ဆိုင်ခွင့်နှင့် အသုံးပြုခွင့်




(စ) ခွင့်ပြုချက်




(ဆ) ပိုင်ဆိုင်ခွင့် ပြန်လည်ပေးအပ်မှုဝေမှ



(ဇ) ကာကွယ်ပေးခြင်း




(ဈ) ထိခိုက်နိုင်ချေများ ကြိုတင်ကာကွယ်ခြင်း



(ည) ကိုင်တွယ်ဖြေရှင်းခြင်း



## ၅။(ခ) ရေရှည်တည်တံ့ခိုင်မြဲမည့် အရင်းအမြစ်စီမံခန့်ခွဲမှု

**က။** နိုင်ငံတော်နှင့် ငါးလုပ်ငန်းစီမံခန့်ခွဲရေးတွင် ပါဝင်သက်ဆိုင်သူများသည် ရေလုပ်ငန်းအရင်းအမြစ်များ တည်တံ့ခိုင်မြဲစွာ အသုံးပြုနိုင်စေရေးနှင့် ရေရှည်ထိန်းသိမ်းရေး၊ အစားအစာထုတ်လုပ်ရေးတို့အတွက်၊ သဘာဝဂေဟစနစ် **အခြေခံအုတ်မြစ် လုံခြုံစိတ်ချရမှု** ရှိစေရေးတို့အတွက် စီစဉ်လုပ်ဆောင်ရွက်သင့်သည်။ အသေးစားငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူများ၏ လိုအပ်ချက်၊ အခွင့်အလမ်းများနှင့်အညီ သတ်မှတ်ထားသည့် စံသတ်မှတ်ချက်များအပါအဝင် အမျိုးသား/နိုင်ငံတကာအဆင့် ဥပဒေများအရ ဖော်ဆောင်ထားပြီး လက်ရှိချမှတ်ထားသည့် သင့်လျော်သည့် စီမံခန့်ခွဲရေးဆိုင်ရာ စနစ်များကို မြှင့်တင်သင့်သည်။

**ခ။** ပါဝင်သက်ဆိုင်သူအားလုံးသည် အခွင့်အရေးနှင့် တာဝန်ဝတ္တရားများအားလုံးကို အတူတကွ လုပ်ဆောင်ရန် အသိအမှတ်ပြုလက်ခံရမည်။ ပိုင်ဆိုင်ခွင့် **အခွင့်အရေးများကို တာဝန်များဖြင့် ချိန်ညှိရမည်။** အရင်းအမြစ်များ တည်တံ့ခိုင်မြဲစေရန် အသုံးပြုပြီး အစားအစာထုတ်လုပ်မှုအတွက် သဘာဝဟေစနစ် အခြေခံအုတ်မြစ်ကိုလည်း ထိန်းသိမ်းရန်လိုအပ်သည်။သဘာဝပတ်ဝန်းကျင်နှင့် မျိုးစိတ်များကို **အနည်းဆုံးသာထိခိုက်နိုင်စေမည့် ငါးဖမ်းစနစ်များကို အသုံးပြုသင့်သည်။**

**ဂ။** နိုင်ငံတော်အနေဖြင့် အသေးစားငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများ၏ တရားဥပဒေနှင့်အညီ ရသင့်သည့် အခွင့်အရေး၊ နည်းစနစ်များကိုပါ ထည့်သွင်းစဉ်းစားလျက် ၎င်းတို့ရှင်သန်ရန်နှင့် အသက်မွေးဝမ်းကျောင်းရန်အတွက် မှီခိုနေရသော အရင်းအမြစ်များ စီမံခန့်ခွဲရေးအတွက် **ပညာပေးခြင်း၊ အထောက်အပံ့ပေးခြင်းများ** ပြုလုပ်သင့်သည်။ ပူးတွဲစီမံခန့်ခွဲမှုကဲ့သို့သော ပါဝင်ဆောင်ရွက်မှု ဆိုင်ရာစီမံခန့်ခွဲရေးစနစ်များကို နိုင်ငံတော်၏ တရားဥပဒေနှင့်အညီ ရေးဆွဲမြှင့်တင်သင့်သည်။

**ဃ။** နိုင်ငံတော်သည် တရားမဝင်(သို့) ပျက်စီးမှုများဖြစ်စေမည့် ငါးဖမ်းစနစ်များအားလုံးကို ဟန့်တား၊ ကာကွယ်၊ ရပ်ဆိုင်းစေရန်အတွက် ထိရောက်သော **စောင့်ကြည့်လေ့လာ** အရေးယူခြင်းစနစ်များ ထားရှိဆောင်ရွက်သင့်သည်။ ငါးဖမ်းလုပ်ငန်းများ မှတ်ပုံတင်ခြင်းကို တိုးတက်လုပ်ဆောင်လာစေရန် ကြိုးပမ်းရမည်။

**င။** နိုင်ငံတော်သည် **စုပေါင်းစီမံခန့်ခွဲရေး**ဆိုင်ရာ သက်ဆိုင်သူအားလုံး၊ အကျိုးဆိုင်သူများအားလုံး၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများကို ပူးတွဲပါဝင် ဆောင်ရွက်ခြင်း၊ တရားဝင်ထောက်ပံ့ကူညီခြင်း လမ်းကြောင်းများမှတဆင့် သိရှိနားလည်စေသင့်သည်။ သို့မှသာ သက်ဆိုင်ရာ အဖွဲ့အစည်းအဆင့်ဆင့်တွင် ကိုယ်စားပြု ပါဝင်နိုင်မည်ဖြစ်ပြီး သက်ဆိုင်ရာကဏ္ဍ ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် မူဝါဒချမှတ်ခြင်းများတွင် ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

**စ။** နိုင်ငံတော်နှင့် အသေးစားငါးလုပ်ငန်းလုပ်ကိုင်သူများသည် အမျိုးသား၊ အမျိုးသမီးများ ငါးလုပ်ငန်းမစတင်မီ၊ ငါးလုပ်ငန်းလုပ်ကိုင်နေစဉ်နှင့် ငါးဖမ်းလုပ်ငန်းစဉ်ပြီးနောက် ကိစ္စရပ်များတွင် ပူးတွဲစီမံခန့်ခွဲခြင်း၊ ငါးလုပ်ငန်းဆိုင်ရာ တာဝန်များကို မြှင့်တင်ဆောင်ရွက်ခြင်း၊ အသိအမြင်ဗဟုသုတများ၊ အမြင်ရှုထောင့်များနှင့် လိုအပ်ချက်များကို ပေါင်းစပ်ထည့်ဝင်ခြင်း၊ ပါဝင်တင်ပြလုပ်ကိုင်မှုများကို **တိုက်တွန်းအားပေး**သင့်သည်။

**ဆ။** အကယ်၍ နယ်နိမိတ်ကျော်လွန်ခြင်း (သို့) အလားတူကိစ္စရပ်များ ရှိခဲ့ပါက (ဥပမာအားဖြင့် ရေ နှင့် ငါးလုပ်ငန်းအရင်းအမြစ်များ ဝေမျှသုံးစွဲရခြင်း) နိုင်ငံတော်မှ အသေးစားငါးဖမ်းလုပ်ငန်းများ၏ ပိုင်ဆိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို ခွင့်ပြုချက်ရရှိပြီး **အကာအကွယ်ပေးနိုင်ရန်**လည်း ဆောင်ရွက် ရမည်။

**ဇ။** နိုင်ငံတော်သည် အသေးစားငါးဖမ်းလုပ်ငန်းများကို မလိုလားအပ်သည့် သက်ရောက်မှုများ ဖြစ်စေမည့် အရင်းအမြစ်များကို အလွန်အကျွံထုတ်ယူ သုံးစွဲခြင်း ကဲ့သို့သော ငါးဖမ်းလုပ်ငန်း စွမ်းဆောင်နိုင်မှုများကို သာမန်ထက်ကျော်လွန်စေမည့် **မူဝါဒများနှင့် ဘဏ္ဍာရေးဆိုင်ရာ** ချမှတ်ခြင်းများကို ရှောင်ရှားသင့်သည်။

# ၅(ခ)။ ရေရှည်တည်တံ့ခိုင်မြဲမည့် အရင်းအမြစ် စီမံခန့်ခွဲမှု

(က) အခြေခံအုတ်မြစ် လုံခြုံစိတ်ချရမှု




(ခ) အခွင့်အရေးနှင့်တာဝန် ချိန်ညှိထားရှိခြင်း




အနည်းဆုံးထိခိုက်မှုရှိသည့် ငါးဖမ်းနည်းစနစ်အသုံးပြုခြင်း



(ဂ) ပညာပေးခြင်း၊ အထောက်အပံ့ပေးခြင်း




(ဃ) စောင့်ကြည့်လေ့လာစနစ်




(င) စုပေါင်းစီမံခန့်ခွဲခြင်း




(စ) လုပ်ငန်းစဉ်များအား တိုက်တွန်းအားပေးခြင်း




(ဆ) ကာကွယ်ပေးခြင်း



(ဇ) မူဝါဒနှင့်ဘဏ္ဍာရေးဆိုင်ရာ



## ၆။ လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု၊ အလုပ်ခန့်အပ်ခြင်းနှင့် သင့်လျော်မျှတသည့် အလုပ်တာဝန်

**က။** ပါဝင်သက်ဆိုင်သူအားလုံးသည် ရှုပ်ထွေးသည့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအပါအဝင် အသေးစားငါးဖမ်းလုပ်ငန်းစီမံခန့်ခွဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်း ဆောင်ရွက်ခြင်း၊ ဂေဟစနစ်နှင့် အလုံးစုံ ထည့်သွင်းစဉ်းစားသည့် **ချဉ်းကပ်မှုပုံစံများ**ကို သုံးသပ်စဉ်းစားသင့်သည်။ ပါဝင်သက်ဆိုင်သူ အားလုံးသည် လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများနှင့် စပ်လျဉ်း၍ အသေးစားငါးဖမ်းလုပ်ငန်းများကို လုပ်ပိုင်ခွင့်ပေးအပ်ခြင်းနှင့် ၎င်းတို့၏ လူ့အခွင့်အရေးများကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပေမည်။

**ခ။** နိုင်ငံတော်သည် ကျန်းမာရေး၊ ပညာရေး၊ စာတတ်မြောက်ရေး၊ ဒစ်ဂျစ်တယ်နည်းပညာ စသည့် ပညာရပ်များ၊ ငါးလုပ်ငန်းကို တန်ဖိုးတိုးတက်လာစေရန်နှင့် အသိဉာဏ်မြင့်တက်လာစေသော အခြားနည်းပညာဆိုင်ရာ ကျွမ်းကျင်မှု အရည်အချင်းများ စသည့် **လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန်**အတွက် မြှပ်နှံမှုများ ပြုလုပ်သင့်သည်။ အသေးစားငါးဖမ်းလုပ်ငန်း လုပ်သားများအတွက် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာများအပေါ် လက်လှမ်းမီနေစေသင့်သည်။

**ဂ။** နိုင်ငံတော်အနေဖြင့် အသေးစားငါးဖမ်းလုပ်ငန်းလုပ်သားများအတွက် **လူမှုရေးဆိုင်ရာ လုံခြုံမှု** အတွက် အကာအကွယ်ပေးရန်လိုအပ်သည်။ တန်ဖိုးချိတ်ဆက်လည်ပတ်မှု (value chain) လုပ်ငန်းစဉ်တစ်ခုလုံးအတွက် လုံခြုံရေးဆိုင်ရာ စီမံကိန်းအစီအစဉ်များကို ရေးဆွဲထားသင့်သည်။

**ဃ။** နိုင်ငံတော်မှ အသေးစားငါးဖမ်းလုပ်ငန်းအသိုက်အဝန်းများအတွက် **သင့်လျော်သော အခြားဝန်ဆောင်မှုလုပ်ငန်းများ၊** ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် အထောက်အပံ့ပေးသင့်သည်။ ဥပမာအားဖြင့် ငွေစုစနစ်၊ ငွေကြေးချေးငှားခြင်းနှင့် အာမခံအစီအစဉ်များ စီစဉ်ထားရှိသင့်သည်။

**င။** နိုင်ငံတော်သည် အသေးစားငါးဖမ်းလုပ်ငန်းမှ တန်ဖိုးချိတ်ဆက်လည်ပတ်မှု (value chain) အတွင်း လုပ်ငန်းမစတင်မီ၊ လုပ်ငန်းပြီးစီးပြီးနောက်၊ ရေပိုင်း (သို့) ကုန်းမြေဆိုင်ရာ သဘာဝပတ်ဝန်းကျင်၊ အမျိုးသား (သို့) အမျိုးသမီးများမှလုပ်ကိုင်မှု စသည့်လုပ်ငန်းတွင်းလုပ်ကိုင်ဆောင်ရွက်မှုများ တလျှောက်လုံးရှိ **စီးပွားရေးဆိုင်ရာ လုပ်ငန်းစဉ်များ**ကို အသိအမှတ်ပြု လက်ခံဆောင်ရွက်ပေးရမည်။

**စ။** နိုင်ငံတော်သည် တရားဝင်သမားရိုးကျ (သို့) သမားရိုးကျမဟုတ်သော ကဏ္ဍများအပါအဝင် အသေးစားငါးဖမ်းလုပ်သားများအားလုံးအတွက် သင့်လျော်သည့် အလုပ်များကို စီစဉ်ပေးသင့်သည်။  ရေရှည်တည်တံ့ခိုင်မြဲစွာ လုပ်ဆောင်နိုင်စေရန်အတွက် **သင့်လျော်သည့် အခြေအနေများကို ဖန်တီးပေး**သင့်သည်။

**ဆ။** နိုင်ငံတော်သည် အသေးစားတံငါသည်များ၊ ငါးဖမ်းလုပ်သားများအတွက် အမျိုးသားအဆင့်၊ နိုင်ငံတကာအဆင့် လူ့အခွင့်အရေးစံနှုန်းများနှင့်အညီ ကောင်းမွန်သော **နေထိုင်မှုအဆင့်နှင့် လုပ်ငန်းခွင်အနေအထား**ရှိစေရန် တိုးတက်သောအမြင်များဖြင့် တဆင့်ခြင်းတက်လှမ်းလုပ်ဆောင် ရန်လိုအပ်သည်။

**ဇ။** နိုင်ငံတော်နှင့် အခြားအကျိုးဆိုင်သူများအနေဖြင့် လက်ရှိ လုပ်ဆောင်လျက်ရှိသော၊ (သို့မဟုတ်) ပြည့်စုံပြီး အခြားသော နည်းလမ်းဖြင့် ရရှိနိုင်သော **ဝင်ငွေတိုး အခွင့်အလမ်းများ**ကို ဖော်ထုတ် အထောက်အကူပြုသင့်သည်။

**ဈ။** ပါဝင်သက်ဆိုင်သူများအားလုံးသည် အသေးစားငါးလုပ်ငန်း အသိုက်အဝန်းမှ ယောကျ်ား၊ မိန်းမ အားလုံးအတွက် ငါးလုပ်ငန်းဆိုင်ရာ လုပ်ငန်းခွင်များအတွင်း ရာဇဝတ်မှု၊ အကြမ်းဖက်မှု၊ ကြိုတင်ကြံစည်ပြုလုပ်သော ရာဇဝတ်မှုများ၊ ဓားပြမှု၊ ခိုးမှု၊ လိင်ပိုင်းဆိုင်ရာ စော်ကားမှု၊ အဂတိလိုက်စားခြင်းနှင့် မလျော်ဩဇာသုံးသည့် ကိစ္စရပ်များ စသည်တို့နှင့် ကင်းဝေးသော **လူမှုပတ်ဝန်းကျင်**တစ်ခု ဖြစ်စေရန် ဖန်တီးပေးရမည်။

## ၆။ လူမှုရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု၊ အလုပ်ခန့်အပ်ခြင်းနှင့် သင့်လျော်မျှတသည့် အလုပ်တာဝန်

(က) ချဉ်းကပ်မှုပုံစံများ




(ခ) လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေး




(ဂ) လူမှုရေးဆိုင်ရာလုံခြုံမှု




(ဃ) သင့်လျော်သောဝန်ဆောင်မှု




(င) စီးပွားရေးဆိုင်ရာလုပ်ငန်းစဉ်များ




(စ) သင့်လျော်သည့်အခြေအနေဖန်တီးပေးခြင်း




(ဆ) နေထိုင်မှုအဆင့်နှင့် လုပ်ငန်းခွင်အနေအထား




(ဇ) ဝင်ငွေတိုးအခွင့်အလမ်း




(ဈ) လုံခြုံစိတ်ချရသော လူမှုပတ်ဝန်းကျင်



## ၆။ လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု၊ အလုပ်ခန့်အပ်ခြင်းနှင့် သင့်လျော်မျှတသည့် အလုပ်တာဝန်

**ည။** ဓလေ့ထုံးတမ်းစဉ်လာအရ ဩဇာအာဏာရှိသူများ အပါအဝင် နိုင်ငံတော်နှင့် သက်ဆိုင်သူများအားလုံးသည် ရွှေ့ပြောင်းတံငါသည်များနှင့် **ငါးလုပ်ငန်းရွှေ့ပြောင်းလုပ်သားများ၏ အခန်းကဏ္ဍ**ကိုလည်း အသိအမှတ်ပြုလက်ခံသင့်သည်။ ရွှေ့ပြောင်း လုပ်ကိုင်ခြင်းသည် အသေးစားငါးလုပ်ငန်းများတွင် ပုံမှန်ဖြစ်လေ့ရှိသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ကိုင်မှု ဗျူဟာတရပ်ပင်ဖြစ်သောကြောင့်ဖြစ်သည်။

**ဋ။** နိုင်ငံတော်သည် ငါးဖမ်းသူများ **နိုင်ငံဖြတ်ကျော်ဖမ်းဆီးခြင်း**ကြောင့် ဖြစ်ပွားနိုင်သည့် နောက်ခံအကြောင်းရင်းများနှင့် အကျိုးဆက်များကို သိရှိထားရမည်ဖြစ်ပြီး အသေးစား ငါးဖမ်း လုပ်ငန်းများ၏ ရေရှည်တည်တံ့ခိုင်မြဲရေးကို ထိခိုက်သက်ရောက်စေမည့် အချက်များကိုလည်း နားလည်သဘောပေါက်ထားရမည်။

**ဌ။** နိုင်ငံတော်သည် အသေးစားငါးဖမ်းသူများနှင့် ငါးလုပ်ငန်းလုပ်သားများ၏ **လုပ်ငန်းခွင်ဆိုင်ရာ ကျန်းမာရေးကိစ္စရပ်များ၊ ကောင်းမွန်မျှတမှုမရှိသည့် လုပ်ငန်းခွင်အနေအထားများကို** ဆောင်ရွက် ပေးနိုင်ပြီး လိုအပ်သည့် တရားစီရင်ရေးများ ကောင်းစွာလည်ပတ်နေစေရန်အတွက် နိုင်ငံတော်မှ သဘောတူလက်မှတ်ရေးထိုးပါဝင်ထားသည့် "နိုင်ငံတကာ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများဆိုင်ရာ အခွင့်အရေး သဘောတူညီချက်" (ICESCR)၊ နိုင်ငံတကာ အလုပ်သမား အဖွဲ့အစည်းမှ သက်ဆိုင်ရာ သဘောတူညီချက်များကဲ့သို့သော သတ်မှတ်ချက်များမှ အမျိုးသားအဆင့် တရားစီရင်ရေးနှင့် နိုင်ငံတကာ လူ့အခွင့်အရေးစံနှုန်းများ၊ သတ်မှတ်ချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန်လိုအပ်သည်။

**ဍ။** နိုင်ငံတော်သည် အသေးစားငါးလုပ်ငန်းအပါအဝင် ငါးလုပ်ငန်းခွင်အတွင်းရှိ **အတင်းအကြပ် ခိုင်းစေခြင်း**များကို လုံးဝဥဿုံ ရပ်ဆိုင်းနိုင်စေရန်အလို့ငှာ ရွှေ့ပြောင်းငါးဖမ်းလုပ်သားများနှင့် အတင်းအဓမ္မ ခိုင်းစေခံရသည့်လုပ်သားများ၊ အကြွေးနွံနစ်နေသည့်အမျိုးသမီးများ၊ အမျိုးသားများ၊ ကလေးများ စသည်တို့မရှိစေရန် ဆောင်ရွက်ပြီး ငါးဖမ်းလုပ်သားများ၊ ရေလုပ်ငန်းလုပ်သားများကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရန်လိုအပ်သည်။

**ဎ။**နိုင်ငံတော်သည် အသေးစားငါးဖမ်းလုပ်ငန်း အသိုက်အဝန်းမှလိုအပ်ချက်များနှင့် ကိုက်ညီသော၊ ယောကျ်ားလေး၊ မိန်းကလေးများ၊ အမျိုးသား၊ အမျိုးသမီးငယ်များအတွက် သက်ဆိုင်ရာ ဘဝရည်မှန်းချက်ကို ရွေးချယ်နိုင်ပြီး လူငယ်များကိုမှန်ကန် ကောင်းမွန်သည့် လုပ်ငန်းများဖန်တီး ပေးနိုင်ကာ မှန်ကန်ကောင်းမွန်သည့် **ဘဝရည်မှန်းချက်နှင့် အခွင့်အလမ်းများကို** တည်ဆောက်ပေးနိုင်မည့် ပညာရေးလက်လှမ်းမီစေရန် စီမံဆောင်ရွက်ပေးသင့်သည်။

**ဏ။** အသေးစားငါးဖမ်းလုပ်ငန်းမှ သက်ဆိုင်ရာပုဂ္ဂိုလ်များသည် ကလေးသူငယ်များ၏ အနာဂတ်နှင့် လူမှုပတ်ဝန်းကျင်တစ်ခုလုံးအတွက်ပါ အရေးကြီးသည့် ကလေးသူငယ်များ၏ ဘဝရှင်သန်ရေးနှင့် ပညာရေးကဏ္ဍများကို အသိအမှတ်ပြုလုပ်ဆောင်ရန်လိုအပ်သည် "ကလေးသူငယ်များအခွင့်အရေးဆိုင်ရာ သဘောတူညီချက်"တွင် ပါဝင်သောအချက်များနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးရန် လိုအပ်သည်။

**တ။** သက်ဆိုင်သူများအားလုံးသည် **ပင်လယ်ပြင်တွင်းမှ ဘေးကင်းလုံခြုံမှုဆိုင်ရာ** ပတ်သက်သော ရှုပ်ထွေးသည့်ကိစ္စရပ်များနှင့် ဘေးကင်းလုံခြုံမှုနည်းပါးခြင်း၏ နောက်ကွယ်မှ ဖြစ်ပေါ်လာသည့် အမျိုးမျိုးသောကိစ္စရပ်များကို သိရှိဆောင်ရွက်ရမည်။ ထိုဆောင်ရွက်ချက်များသည် ငါးဖမ်းလုပ်ငန်းအားလုံးတွင် လုပ်ကိုင်ဆောင်ရွက်ရန်လိုသည်။

**ထ။** နိုင်ငံတော်သည် ပင်လယ်ပြင်တွင်း ဘေးကင်းလုံခြုံရေးအတွက် အကောင်းဆုံး ဆောင်ရွက်ရန်မှာ **အမျိုးသားအဆင့် နည်းဗျူဟာ**များကို အတူတကွ ပူးပေါင်း အကောင် အထည်ဖော် ဆောင်ရွက်ရန်ဖြစ်ပြီး ငါးဖမ်းလုပ်သားများ၏ တက်ကြွစွာပါဝင်မှုများ၊ ဒေသဆိုင်ရာ ညှိနှိုင်းဆောင်ရွက် ပါဝင်မှုများဖြင့် သင့်လျော်သလို ဖော်ဆောင် သွားရမည်။

**ဒ။** သက်ဆိုရာပုဂ္ဂိုလ်အားလုံးသည် အသေးစားငါးဖမ်းလုပ်ငန်းတွင်းရှိ လက်နက်ကိုင်ပဋိပက္ခဖြစ်နေသည့် အနေအထားတွင် အကျိုးဆိုင်သူအားလုံး၏ လူ့အခွင့်အရေးနှင့် ဂုဏ်သိက္ခာတို့ကို နိုင်ငံတကာလူသားချင်းစာနာထောက်ထားသည့် ဥပဒေအရ ၎င်းတို့၏ ရိုးရာအသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လုပ်ကိုင်ရန်၊ ထုံးတမ်းအစဉ်လာအရ လုပ်ကိုင်နေသည့်နေရာများကို အသုံးပြုနိုင်ရန်နှင့် ဘဝ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို ထိန်းသိမ်းရန် ကာကွယ်စောင့်ရှောက်မှု ပေးသင့်သည်။

# ၆။ လူမှုရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု၊ အလုပ်ခန့်အပ်ခြင်းနှင့် သင့်လျော်မျှတသည့် အလုပ်တာဝန်

(ည) ရွှေ့ပြောင်းငါးဖမ်းလုပ်ငန်း၏အခန်းကဏ္ဍ




(ဋ) နိုင်ငံဖြတ်ကျော်ငါးဖမ်းဆီးခြင်း




(ဌ) လုပ်ငန်းခွင်ဆိုင်ရာကျန်းမာရေးနှင့် ကောင်းမွန်မျှတသည့်အနေအထား




(ဍ) အတင်းအကြပ်ခိုင်းစေခြင်း




(ဎ) ဘဝရည်မှန်းချက်နှင့် အခွင့်အလမ်းတည်ဆောက်ခြင်း




(ဏ) ကလေးသူငယ်များ၏အခွင့်အရေးနှင့် ပညာရေးကဏ္ဍ




(တ) ပင်လယ်ပြင်ဆိုင်ရာ ဘေးကင်းလုံခြုံရေး




(ထ) အမျိုးသားအဆင့် နည်းဗျူဟာ




(ဒ) လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားနေသောအခြေအနေ



**၇။ တန်ဖိုးချင်းချိတ်ဆက်လည်ပတ်မှုများ (Value Chains)၊ ငါးလုပ်ငန်းပြီးနောက်ပိုင်း (Post Harvest) နှင့် ကုန်သွယ်မှု**

**က။** အကျုံးဝင်ပတ်သက်နေသူအသီးသီးသည် တန်ဖိုးကွင်းဆက်အဆင့်ဆင့်တွင် ငါးဖမ်းဆီးမှုနောက်ပိုင်းရှိ ကဏ္ဍခွဲတို့၏ **ပင်မအခန်းကဏ္ဍ**အား အသိအမှတ်ပြုသင့်သည်။

**ခ။** ပါဝင်ပတ်သက်နေသူများအားလုံးတို့သည် **ငါးဖမ်းဆီးပြီးနောက်ပိုင်းကဏ္ဍ**များအတွင်း ပါဝင်ဆောင်ရွက်နေသော အမျိုးသမီးများ၏အခန်းကဏ္ဍနှင့် ၄င်းလုပ်ငန်းတို့တွင် အမျိုးသမီးတို့၏ ပါဝင်မှုပိုမိုတိုးတက်လာစေရန် ထောက်ပံ့မှုတို့အား အသိအမှတ်ပြုသင့်သည်။

**ဂ။** နိုင်ငံတော်သည် (အသေးစား) ငါးဖမ်းဆီးပြီးနောက်ကဏ္ဍခွဲအတွင်း **အရည်အသွေးနှင့် ဘေးအန္တရာယ်ကင်းရှင်းသော ငါးနှင့် ရေထွက်ပစ္စည်း**များအား ပြည်ပပို့ကုန်အဖြစ်သာမက ပြည်တွင်းထုတ်လုပ်မှုအတွက်ပါ တာဝန်သိသိ၊ ရေရှည်ကြည့်လျှက် ထုတ်လုပ်ခြင်းများအတွက် သင့်လျော်သော အခြေခံအဆောက် အအုံများ၊ အဖွဲ့အစည်း ဖွဲ့စည်းတည်ဆောက်ပုံများနှင့် စွမ်းရည် မြှင့်တင်မှုများအတွင်း ရင်းနှီးမြှပ်နှံမှုများအား တွန်းအားပေးထောက်ပံ့မှုများ ရှိစေသင့်သည်။

**ဃ။** နိုင်ငံတော်နှင့် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများသည် နိုင်ငံတော်ဥပဒေနှင့်အညီ ရေလုပ်သားတို့၏ **ဝင်ငွေနှင့် အသက်မွေးမှု**အား မြှင့်တင်နိုင်စေရန်အတွက် မိရိုးဖလာအဖွဲ့အစည်းများအား အသိအမှတ်ပြုပေးခြင်း၊ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှုအား တန်းဖိုးကွင်းဆက်အဆင့်ဆင့်တွင် မြှင့်တင်ပေးခြင်းတို့အား ပြုလုပ်ပေးသင့်သည်။

**င။** ပါဝင်ပတ်သက်နေသူ အသီးသီးတို့သည် ရှိရင်းစွဲနှင့် ဒေသတွင်းအသုံးပြုသော စရိတ်သက်သာ စေသည့်နည်းလမ်းများ၊ ဒေသတွင်းနည်းပညာနှင့် ရေမြေသဘောသဘာဝနှင့် ကိုက်ညီမည့် နည်းပညာလွှဲပြောင်းပေးလျက် ငါးဖမ်းဆီးပြီးနောက် လေလွင့်ဆုံးရှုံးမှုများအား ရှောင်ရှားပြီး **တန်ဘိုးမြှင့် ထုတ်ကုန်ထုတ်လုပ်နိုင်ရန်** နည်းလမ်းရှာသင့်သည်။

**စ။** နိုင်ငံတော်အနေဖြင့် ရပ်ရွာ၊ ပြည်တွင်း၊ ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ **ဈေးကွက်များအား လက်လှမ်းမီစေရန်** ပံ့ပိုးကူညီပေးခြင်းနှင့် အသေးစားရေထွက်ပစ္စည်းများအတွက် ညီညွတ်မျှတသော၊ ခွဲခြားပြုမူခြင်းမခံရသော ကုန်သွယ်မှုတစ်ရပ် ပေါ်ပေါက်လာစေရန် မြှင့်တင်ပေးသင့်သည်။

**ဆ။** နိုင်ငံတော်သည် ငါးနှင့်ရေထွက်ပစ္စည်းများ **နိုင်ငံတကာကုန်သွယ်မှု**၏ သက်ရောက်မှုများနှင့် ကုန်စည်ရောင်းဝယ်ဖောက်ကားမှုတွင် ရပ်ရွာအတွင်း ငါးဖမ်းသမားများ၊ ရေလုပ်ငန်း လုပ်သားများနှင့် ၄င်းတို့၏ကော်မတီများ အဆင့်ဆင့် (ဒေါင်လိုက်) ချိတ်ဆက်ညီညီ ပေါင်းစည်းညီညွတ်မှုရှိရေးတို့အား အလေးအနက်ထည့်သွင်းစဉ်းစားရမည်။

**ဇ။** နိုင်ငံတော်၊ ရေလုပ်သားငယ်များနှင့် အခြားတန်ဖိုးကွင်းဆက်အတွင်းပါဝင်နေသူများမှာ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုမှရရှိသော **အကျိုးအမြတ်**များသည် ထုတ်လုပ်မှုတွင် ပါဝင်ပတ်သက် နေသူများအားလုံးအကြား **အညီအမျှခွဲဝေမှု** ရှိသင့်ကြောင်း သိရှိရမည်ဖြစ်သည်။

**ဈ။** အကဲဖြတ်ဆန်းစစ်ချက်များ အပါအဝင် မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများအား အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုမှ **သဘာဝပတ်ဝန်းကျင်သို့ တန်ပြန်သက်ရောက်မှု**များအား သေချာစွာဆောင်ရွက်ခြင်း၊ အသေးစားရေလုပ်ငန်း၊ အသက်မွေးမှုများနှင့် စားနပ်ရိက္ခာဖူလုံမှုအတွက် သာတူညီမျှဖြစ်စေရန်အတွက် ကျင့်သုံးဆောင်ရွက်သင့်သည်။

**ည။** နိုင်ငံတော်သည် အသေးစားရေလုပ်ငန်းတန်ဖိုးကွင်းဆက်အတွင်းရှိ အကျုံးဝင်ပတ်သက်နေ သူများအတွက် သက်ဆိုင်ရာဈေးကွက်နှင့် ကုန်သွယ်မှု **သတင်းအချက်အလက်များအား လက်လှမ်းမီ** စေသင့်သည်။ အသေးစားရေလုပ်ငန်း လုပ်ဆောင်သူများသည် ပြောင်းလဲလျက်ရှိသော ဈေးကွက် အခြေအနေများနှင့်အညီ လိုက်ပါလုပ်ဆောင်နိုင်ရန် အချိန်နှင့် တပြေးညီဖြစ်သော၊ တိကျသော ဈေးကွက်သတင်းအချက်အလက်များအား လက်လှမ်းမီရမည်ဖြစ်သည်။

# ၇။ တန်ဖိုးချိတ်ဆက်လည်ပတ်မှု၊ ငါးလုပ်ငန်းပြီးနောက်ပိုင်းနှင့် ကုန်သွယ်မှု

(က) ပင်မအခန်းကဏ္ဍ




(ခ) ဖမ်းဆီးချိန်လွန်ကဏ္ဍများ




(ဂ) အရည်အသွေးပြည့်ဝသောငါးနှင့် ရေထွက်ပစ္စည်း




(ဃ) ဝင်ငွေနှင့် အသက်မွေးမှု




(င) တန်ဖိုးမြှင့် ထုတ်လုပ်ခြင်း




(စ) ဈေးကွက်လက်လှမ်းမီခြင်း




(ဆ) နိုင်ငံတကာကုန်သွယ်မှု




(ဇ) အကျိုးအမြတ်ခွဲဝေမှု




(ဈ) သဘာဝပတ်ဝန်းကျင်သို့ တန်ပြန်သက်ရောက်မှု




(ည) သတင်းအချက်အလက် လက်လှမ်းမီခြင်း



## ၈။ ကျား/မ တန်းတူညီမျှမှုရှိရေး

က။ ပါဝင်ပတ်သက်သူအားလုံးတို့သည် အားလုံးပါဝင် လုံ့လစိုက်ထုတ်မှသာ ကျား/မသာတူညီမျှမှုကို ဖော်ဆောင်နိုင်မည်ကို သိရှိနားလည် အသိအမှတ်ပြုသင့်သည်။ ကျား/မသာတူညီမျှမှု သဘောတရားအား အသေးစားရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗျူဟာများတွင် ပေါင်းစည်းထည့်သွင်းစဉ်းစားသင့်သည်။ **ကျား/မသာတူ ညီမျှမှု နည်းဗျူဟာများ** ရရှိစေရန် မတူညီသောဝလေ့ သဘောသဘာဝအသီးသီးအလိုက် မတူညီသောနည်းဗျူဟာများလိုအပ်ပြီး အမျိုးသမီးများအား ခွဲခြား ဆက်ဆံသော အလေ့အကျင့်များအား ရင်ဆိုင်ဖြေရှင်းသင့်သည်။

ခ။ နိုင်ငံတော်အနေဖြင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေအောက်ရှိ တာဝန်ဝတ္တရားများအား လိုက်နာပြီး CEDAW (Convention on the Elimination of All Forms of Discrimination against Women)တို့အပါအဝင် ၎င်းတို့ပါဝင်လျက်ရှိသော သက်ဆိုင်ရာလုပ်ဆောင်မှု နည်းစနစ်များအား **အကောင်အထည်ဖော်**သင့်သည်။ ပေကျင်းကြေငြာစာတမ်းနှင့် လုပ်ရှား ဆောင်ရွက်မှုပလက်ဖောင်း (Beijing Declaration and Platform for Action) အားလည်း ထည့်သွင်းစဉ်းစားထားသင့်သည်။ အသေးစားရေလုပ်ငန်းနှင့်တိုက်ရိုက်သက်ဆိုင်နေသော မူဝါဒများ အတွက် ဆုံးဖြတ်ချက်ချမှတ်မှုအပိုင်းတွင် အမျိုးသမီးများ ညီမျှစွာပါဝင်နေစေရန် နိုင်ငံတော်အနေဖြင့် ကြိုးပမ်းလုပ်ဆောင်သင့်သည်။ အမျိုးသမီးများအား ခွဲခြားဆက်ဆံမှုများအတွက် အထူးစီမံ ဆောင်ရွက်မှုများအား ကျင့်သုံးသင့်သည်။ ရေလုပ်ငန်း အဖွဲ့အစည်းများတွင် အမျိုးသမီးများပါဝင်လာစေရန် အားပေးသင့်ပြီး သင့်လျော်သော အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်မှု အစီအမံများအား အထောက်အပံ့ပေးသင့်သည်။

ဂ။ နိုင်ငံတော်အနေဖြင့် ကျား/မ သာတူညီမျှမှုအား သိမြင်စေရန် မူဝါဒများနှင့် ဥပဒေများအား ထူထောင်ခြင်း၊ လိုက်လျောညီထွေအောင်ပြုလုပ်ခြင်းများ ဆောင်ရွက်သင့်ပြီး လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုရှုထောင့်များအား ထည့်သွင်းစဉ်းစားလျက် **ကျား/မ သာတူညီမျှမှုနှင့် အံဝင်ခွင်ကျ** မဖြစ်သည်များကို လေ့လာဖော်ထုတ်သင့်သည်။ ကျား/မ သာတူညီမျှမှုအား ရရှိအောင်မြင်နိုင်စေရန် အစီအမံများအကောင်အထည်ဖော်မှုတွင် နိုင်ငံတော်သည် အရေးအကြီးဆုံးနေရာတွင်တည်ရှိသည်။ အမျိုးသားနှင့် အမျိုးသမီးများအား တိုးချဲ့လုပ်သားများအဖြစ်ခန့်အပ်လျက် ၎င်းအမျိုးသား၊ အမျိုးသမီးများအား ဥပဒေရေးရာနှင့် အခြားရေလုပ်ငန်းနှင့်ဆက်စပ်လျက်ရှိသော တိုးချဲ့ခြင်းနှင့် နည်းပညာပေးခြင်းဆိုင်ရာ ဝန်ဆောင်မှုအထောက်အပံ့များအား သာတူညီမျှ လက်လှမ်းမီစေရမည်။ အမျိုးသမီးများ၏ အနေအထားနှင့် ကျား/မ တန်းတူညီမျှမှုရှိစေရေးတို့ တိုးမြင့်လာစေရန် ဥပဒေ၊ မူဝါဒနှင့် လှုပ်ရှားဆောင်ရွက်မှုများ၏ သက်ရောက်မှုများအား ဆန်းစစ်ရန် အလုပ်ဖြစ်သော အကဲဖြတ်လေ့လာဆန်းစစ်မှုစနစ်များအား ပါဝင်သူအသီးသီးတို့မှ ပူးပေါင်းဖော်ထုတ်သင့်သည်။

ဃ။ ပါဝင်ပတ်သက်သူအားလုံးတို့သည် အသေးစားရေလုပ်ငန်းများအတွင်လုပ်ကိုင်လျက်ရှိသော အမျိုးသမီးများအတွက် အရေးပါသော၊ ပိုမိုကောင်းမွန်သော **နည်းပညာများ** ဖွံ့ဖြိုးတိုးတက် လာစေရန်လည်း တွန်းအားပေးသင့်သည်။

## ၈။ ကျား/မ တန်းတူညီမှု

(က)
ကျား/မ
တန်းတူညီမှ
နည်းဗျူဟာ




(ခ)
အကောင်
အထည်
ဖော်ခြင်း




(ဂ)
တန်းတူညီမှု
နှင့်
အံဝင်ခွင်ကျမှု




(ဃ)
နည်းပညာ



## ၉။ ဘေးအန္တရာယ်ဆိုင်ရာထိခိုက်မှုများနှင့် ရာသီဥတုပြောင်းလဲခြင်း (Disaster Risk and Climate Change)

က။ အသေးစားရေလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် ရာသီဥတုပြောင်းလဲမှုအား တိုက်ဖျက်ရာတွင် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်မူဘောင် United Nations Framework Convention on Climate Change (UNFCCC) ၏ ဦးတည်ချက်များ၊ စံသတ်မှတ်ချက်များနှင့် ထောက်ပံ့ကူညီမှုများနှင့်အညီ အရေးပေါ်ထိရောက်သည့် လုပ်ရှား ဆောင်ရွက်မှုများ လိုအပ်သည်ကို နိုင်ငံတော်မှ သိရှိရမည်။

ခ။ ပါဝင်ပတ်သက်သူအသီးသီးတို့သည် အသေးစားရေလုပ်ငန်း ကဏ္ဍအတွင်း သဘာဝ၊ လူလုပ်ဘေးအန္တရာယ်နှင့် ရာသီဥတုပြောင်းလဲခြင်းတို့၏ သက်ရောက်မှု အမျိုးမျိုးတို့အား သိရှိ ထည့်သွင်းစဉ်းစားသင့်သည်။ ရာသီဥတုပြောင်းလဲခြင်းအားဦးတည်သော မူဝါဒများနှင့် အစီအမံများအား နိုင်ငံတော်မှ ဖော်ထုတ်သင့်သည်။

ဂ။ ပါဝင်ပတ်သက်သူအသီးသီးတို့သည် အသေးစားရေလုပ်ငန်းအတွင်း ဘေးအန္တရာယ်နှင့် ရာသီဥတုပြောင်းလဲခြင်းအားလိုက်လျောညီထွေဖြစ်စေရန် ကဏ္ဍအသီးသီး အကြားပူးပေါင်းဆောင်ရွက်မှုအပါအဝင် ခြုံငုံသုံးသပ်ထားသော၊ ပေါင်းစည်းမှုရှိသော ချဉ်းကပ်မှုနည်းလမ်းများလိုအပ်သည်ကို သိရှိနေသင့် သည်။

ဃ။ နိုင်ငံတော်သည် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝ/လူလုပ်ဘေးအန္တရာယ် ဒဏ်ခံနေရသော အသေးစားရေလုပ်ငန်းလုပ်သူများအား ဘေးအန္တရာယ် လိုက်လျောညီထွေဖြစ်စေခြင်း၊ ဘေးအန္တရာယ် လျှော့ချခြင်းနှင့် ထောက်ပံ့မှုအစီအမံများမှတဆင့် ကူညီထောက်ပံ့မှုပေးရန် ထည့်သွင်းစဉ်းစားသင့်သည်။

င။ အကယ်၍ လူလုပ်ဘေးအန္တရာယ်များကြောင့် အသေးစားရေလုပ်ငန်းလုပ်သူများအား ထိခိုက်မှုရှိပါက ပြုလုပ်သူကိုယ်တိုင်တာဝန်ခံမှုရှိသင့်သည်။

စ။ ပါဝင်ပတ်သက်သူအားလုံးသည် ရာသီဥတုပြောင်းလဲမှုမှ ငါးဖမ်းဆီးပြီးနောက်ပိုင်းကဏ္ဍများနှင့် ကုန်သွယ်မှုကဏ္ဍများသို့ သက်ရောက်နေမှုအား ထည့်သွင်းစဉ်းစားသင့်သည်။

ဆ။ နိုင်ငံတော်သည် အရေးပေါ်တုံ့ပြန်မှုနှင့် ဘေးအန္တရာယ် ကာကွယ်မှုများသည် အသေးစား ရေလုပ်ငန်းတွင် မည်သို့ဆက်စပ်နေသည်ကို နားလည်သင့်ပြီး 'ကယ်ဆယ်ရေးမှဖွံ့ဖြိုးရေးသို့' ဟူသည့် မသိမသာတစတစပြောင်းလဲမှုသဘောတရားအား ကျင့်သုံးသင့်သည်။

ဇ။ ရာသီဥတုပြေင်းလဲခြင်းဆိုင်ရာ အားထုတ်ကြိုးပမ်းမှုများတွင် အသေးစားရေလုပ်ငန်းများ၏ အခန်းကဏ္ဍအား မြှင့်တင်ပေးသင့်ပြီး ငါးဖမ်းဆီးပြီးနောက် လုပ်ငန်းစဉ်များ၊ ရောင်းအားမြှင့်တင်မှုများ၊ ဖြန့်ဖြူးမှုများအပါအဝင် တန်းဘိုးကွင်းဆက်အဆင့်ဆင့်တွင် ပြည့်ဝစွာရရှိရန် တွန်းအားပေး ကူညီသင့်သည်။

ဈ။ နိုင်ငံတော်သည် ဘုံဘဏ္ဍာငွေများ၊ လုပ်ငန်းအတွက် လိုအပ်သည့်ပံ့ပိုးပစ္စည်းများ၊ ရာသီဥတုပြောင်းလဲခြင်းအား လိုက်လျောညီထွေဖြစ်စေရန် ရေမြေ သဘောသဘာဝနှင့် ကိုက်ညီသည့် နည်းပညာများအား လက်လှမ်းမှီ သုံးစွဲခွင့်ရရှိစေရန် ထည့်သွင်းစဉ်းစားပေးသင့်သည်။

# ၉။ ဘေးအန္တရာယ်ဆိုင်ရာ ထိခိုက်မှုများနှင့် ရာသီဥတုပြောင်းလဲခြင်း

(က) ရာသီဥတုပြောင်းလဲမှုလျှော့ချခြင်း




(ခ) မူဝါဒနှင့် အစီအမံများ




(ဂ) ကဏ္ဍအသီးသီးအကြား ပူးပေါင်းဆောင်ရွက်မှု




(ဃ) ဖမ်းဆီးချိန်ကဏ္ဍနှင့် ကုန်သွယ်မှု




(င) တာဝန်ခံမှု




(စ) ကူညီထောက်ပံ့မှု




(ဆ) ကယ်ဆယ်ရေးမှ ဖွံ့ဖြိုးရေးသို့




(ဇ) တွန်းအားပေးခြင်း




(ဈ) လက်လှမ်းမီ သုံးစွဲခွင့်



## ၁၀။ မူဝါဒဆိုင်ရာ ရှင်းလင်းညီညွတ်မှု၊ အဖွဲ့အစည်းဆိုင်ရာ ညှိနှိုင်းဆောင်ရွက်မှုနှင့် ပူးပေါင်း ဆောင်ရွက်မှု

က။ အပြည်ပြည်ဆိုင်ရာအက်ဥပဒေ၊ ဥပဒေ၊ အခြားအပြည်ပြည်ဆိုင်ရာမူဝါဒများ၊ အစီအမံများ၊ ဆက်စပ်လျှက်ရှိသော အခြားအပြည်ပြည်ဆိုင်ရာ လုပ်ကိုင်ဆောင်ရွက်ပုံများ စသည်တို့နှင့်ဆက်စပ်လျက်ရှိသော မူဝါဒဆီလျော် ညီညွတ်မှုအား လုပ်ဆောင်ရန် နိုင်ငံတော်အနေဖြင့် သိရှိသင့်သည်။

ခ။ (လိုအပ်ပါက) နိုင်ငံတော်သည် ကုန်းတွင်းပိုင်းနှင့် ကမ်းရိုးတန်းဒေသစီမံကိန်း ရေးဆွဲမှုများအပြင် ဒေသဆိုင်ရာစီမံကိန်းရေးဆွဲမှုနည်းလမ်းများ (Spatial Planning Approaches)အား ဖော်ထုတ်အသုံးပြုသင့်သည်။

ဂ။ နိုင်ငံတော်သည် ပင်လယ်၊ ကုန်းတွင်းပိုင်းရေနယ်ပယ်များနှင့် အခြားဂေဟစနစ်များ၏ ရှင်သန်မှုကို သက်ရောက်လျက်ရှိသော မူဝါဒများ ညီညွတ်မှုရှိစေရန် အထူးမူဝါဒအစီအမံများအား ကျင့်သုံးသင့်သည့်အပြင် ရေလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် အခြားသဘာဝအရင်းအမြစ်များနှင့် ဆက်စပ်လျက်ရှိသော မူဝါဒများသည် ၎င်းကဏ္ဍများအတွင်း သက်ဆိုင်နေသော အသက်မွေးမှုများအား တပေါင်းတစည်းတည်း မြှင့်တင်နိုင်သင့်သည်။

ဃ။ နိုင်ငံတော်မှ ဂေဟစနစ်အားအသုံးချလျက် အသေးစားရေလုပ်ငန်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရှည်ဖြစ်ပေါ်လာမည့်ပုံရိပ်နှင့် ဆာလောင်မှုနှင့်ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေးတို့အတွက် ရေလုပ်ငန်းမူဝါဒများအား သေချာစေရမည်။ ရေလုပ်ငန်းမူဝါဒ ဘောင်တစ်ရပ်လုံးသည် အသေးစားရေလုပ်ငန်းနှင့် လူ့အခွင့်အရေးတို့၏ ရေရှည်အနာဂတ်ပုံရိပ်၊ မူဝါဒဘောင်တို့နှင့် ဆီလျော်ညီညွတ်မှုရှိရမည်။

င။ နိုင်ငံတော်သည် မူဝါဒဆီလျော်ညီညွတ်မှု၊ ကဏ္ဍအချင်းချင်း ပေါင်းစည်း အကောင်အထည်ဖော်မှုတို့အတွက် လိုအပ်သော ပြည်တွင်း၊ နိုင်ငံတော်အဆင့်၊ ဒေသဆိုင်ရာ၊ အပြည်ပြည်ဆိုင်ရာ ချိတ်ဆက်မှုများ ပါဝင်လျက်ရှိသော ဖွဲ့စည်းပုံများနှင့် ချိတ်ဆက်ဆောင်ရွက်မှုများကို၎င်း၊ ရေလုပ်ငန်းကဏ္ဍအတွင်း ပြီးပြည့်စုံသော၊ အားလုံးပူးပေါင်းပါဝင်မှုရှိသော ဂေဟစနစ်ချဉ်းကပ်ပုံ နည်းလမ်းများအား အကောင်အထည်ဖော်ရေးကို၎င်း မြှင့်တင်ဆောင်ရွက်သင့်သည်။

စ။ အသေးစားရေလုပ်ငန်း လုပ်ကိုင်သူများသည် ရေလုပ်ငန်းသမဝါယမများနှင့် အရပ်ဘက်လူ့အဖွဲ့အစည်း(CSO)များ အပါအဝင် ၎င်းတို့၏အသက်မွေး ဝမ်းကျောင်း အဖွဲ့အစည်းများအား မြှင့်တင်သင့်သည်။ ၎င်းတို့သည် အတွေ့အကြုံများနှင့် သတင်းအချက်အလက်များဖလှယ်ရန်နှင့် အသေးစားရေလုပ်ငန်းနှင့်သက်ဆိုင်သော မူဝါဒနှင့်ဆုံးဖြတ်ချက်ချမှတ်မှုအပိုင်းများတွင် ပါဝင်ခွင့် ရရှိရေးတို့အတွက် ကွန်ယက်နှင့်နေရာအပိုင်းအဂန်းတစ်ခု ဖန်တီးသင့်သည်။

ဆ။ နိုင်ငံတော်သည် ဂေဟစနစ်ချဉ်းကပ်ပုံနည်းလမ်းနှင့် အမျိုးသားအက်ဥပဒေများအရ ဒေသဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်များမှ ထိရောက်သော အသေးစား ရေလုပ်ငန်း စီမံခန့်ခွဲမှုတစ်ရပ်အား အထောက်အကူဖြစ်စေရန် မြှင်တင်လုပ်ဆောင်သင့်သည်။

ဇ။ နိုင်ငံတော်သည် အသေးစားရေလုပ်ငန်းကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် ဒေသခွဲများဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအား မြှင့်တင်သင့်သည်။ ဒေသခွဲများ၊ ဒေသဆိုင်ရာ (သို့) အပြည်ပြည် ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအား ထောက်ပံ့ရန် နိုင်ငံတော်နှင့် ဒေသဆိုင်ရာ၊ ဒေသခွဲဆိုင်ရာ အဖွဲ့အစည်းများမှ စွမ်းရည်ဖွံ့ဖြိုးတိုးတက်မှုအား ထောက်ပံ့ပေးသင့်သည်။

## ၁၀။ မူဝါဒဆိုင်ရာ ရှင်းလင်းညီညွတ်မှု၊ အဖွဲ့အစည်းဆိုင်ရာ ညှိနှိုင်းဆောင်ရွက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု

(က) မူဝါဒဆီလျော်ညီညွတ်မှု




(ခ) ဒေသဆိုင်ရာ စီမံကိန်းရေးဆွဲခြင်း ချဉ်းကပ်မှုများ




(ဂ) ဆက်စပ်မူဝါဒများ




(ဃ) ရေလုပ်ငန်းမူဝါဒ သေချာစေမှု




(င) ကဏ္ဍအချင်းချင်းပေါင်းစည်းအကောင်အထည်ဖော်မှု




(စ) ကွန်ယက်




(ဆ) ထိရောက်သောစီမံခန့်ခွဲမှု




(ဇ) ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်း



## ၁၁။ သတင်းအချက်အလက်၊ သုတေသနနှင့် ဆက်သွယ်ရေး

က။ နိုင်ငံတော်သည် သက်ရှိဂေဟစနစ်၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် စီးပွားရေးဆိုင်ရာ အချက်အလက်များအပါအဝင် ရေလုပ်ငန်းဆိုင်ရာ အချက်အလက်များ ကောက်ယူခြင်း စနစ်အား ထူထောင်ထားသင့်သည်။ အသေးစားရေလုပ်ငန်း ရေရှည်ဖွံ့ဖြိုး တိုးတက်ရေး ဆုံးဖြတ်ချက် ချမှတ်မှုများအတွက် ဆီလျော်မှုရှိရမည်။
ခ။ ပါဝင်ပတ်သက်သူများအားလုံးနှင့် အသေးစားရေလုပ်ငန်းကော်မတီများသည် ထိရောက်သော ဆုံးဖြတ်ချက်ချမှတ်မှုများအတွက် မရှိမဖြစ်လိုအပ်လျက်ရှိသော ဆက်သွယ်ရေးနှင့် သတင်း အချက်အလက် ကဏ္ဍ၏ အရေးပါမှုအား သိရှိမှုရှိသင့်သည်။
ဂ။ နိုင်ငံတော်သည် ဆုံးဖြတ်ချက်ချမှတ်ရာတွင် သမာသမတ်ကျရေးအတွက် နှောင့်နှေးမှုမရှိစေခြင်း၊ ပွင့်လင်းမြင်သာမှု မြှင့်တင်ခြင်း၊ ဆုံးဖြတ်ချက်ချမှတ်မှုအား တာဝန်ခံမှုရှိစေခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ ဆက်သွယ်ဆောင်ရွက်စေခြင်းတို့ဖြင့် အဂတိလိုက်စားမှုအား ကာကွယ်တားဆီးရန် ကြိုးပမ်းလုပ်ဆောင် သင့်သည်။
ဃ။ အသေးစားရေလုပ်ငန်းတွင် လုပ်ကိုင်လျက်ရှိသော သူများသာ အသိပညာသိမြင်ထားသူ၊ ထောက်ပံ့သူနှင့် လက်ခံရရှိသူများဖြစ်ကြောင်း သိရှိသင့်သည်။
င။ နိုင်ငံတော်သည် တရားမဝင်သော၊ တရားဥပဒေ ဖောက်ဖျက်သည့် ငါးဖမ်းခြင်းများနှင့်စပ်လျဉ်းသော သတင်းအချက်အလက်များအတွက် သာမက တာဝန်သိသော အသေးစားရေလုပ်ငန်းအသက်မွေးမှုများ ဖြစ်ထွန်းစေရန်အတွက် လိုအပ် လျက်ရှိသော သတင်းအချက်အလက်များကို သေချာစွာရရှိစေရမည်။
စ။ ဒေသခံမျိုးနွယ်အုပ်စုများအား အသိအမှတ်ပြု ထောက်ပံ့မှုများအပါအဝင် အသေးစားရေလုပ်ငန်းကဏ္ဍအတွင်းရှိ အသိအမြင်၊ ယဉ်ကျေးမှု၊ မိရိုးဖလာ ဓလေ့များနှင့် အလေ့အကျင့်များအား သေချာစွာတည်ရှိစေရမည်။ မိရိုးဖလာ ငါးဖမ်းအသိပညာများနှင့် နည်းပညာများအား စုံစမ်းမှတ်တမ်းတင် ထားသင့်သည်။
ဆ။ အသေးစားရေလုပ်ငန်းအဖွဲ့အစည်းရှိ အသက်မွေးနေသူများအား ရေနေသတ္တဝါအရင်းအမြစ်များနှင့် ငါးဖမ်းနည်းစနစ်များ စုစည်း၊ ထိန်းသိမ်း၊ ဖလှယ်၊ တိုးပွား စေရန်အတွက်၄င်း ရေသတ္တဝါဂေဟစနစ်အပေါ် သိမြင်မှု တိုးမြှင့်လာစေရန်အတွက်၄င်း နည်းပညာနှင့် ဘဏ္ဍာငွေထောက်ပံ့မှုများအား ပြုလုပ် ပေးသင့်သည်။
ဇ။ ပါဝင်ပတ်သက်သူများအားလုံးတို့သည် ရေပိုင်နက်များရှိ ရေနေသတ္တဝါ အရင်းအမြစ်များ အပါအဝင် သတင်းအချက်အလက်များ စီးဆင်းမှု၊ ဖလှယ်မှုနှင့် ရရှိနိုင်မှုတို့အား မြှင့်တင်ရမည်။ လက်ရှိ တည်ရှိဆဲဖြစ်သည့် ကွန်ယက်များနှင့် အဖွဲ့အစည်းများအား အသုံးပြုခြင်း၊ တည်ထောင်ခြင်းဖြင့် ပြုလုပ်သင့်သည်။
ဈ။ နိုင်ငံတော်နှင့် အခြားအဖွဲ့အစည်းများသည် အသေးစားရေလုပ်ငန်းများ၏ သုတေသန လုပ်ငန်းများအတွက် ဘဏ္ဍာငွေများလျာထားသင့်ပြီး ပူးပေါင်းလုပ်ဆောင်ပါဝင်သော အချက်အလက် ကောက်ယူမှု၊ လေ့လာဆန်းစစ်မှုနှင့် သုတသနပြုမှုစနစ်တို့အား အားပေးကူညီသင့်သည်။
ည။ နိုင်ငံတော်နှင့်အခြားသက်ဆိုင်သောသူများသည် အလုပ်အမျိုးအစားအလိုက် သုတေသနများအား တိုးမြှင့်သင့်သည်။
ဋ။ နိုင်ငံတော်နှင့် သက်ဆိုင်ရာအကောင်အထည်ဖော်သူများသည် ပင်လယ်ထုတ်ကုန် ထုတ်လုပ်မှုတွင် အသေးစားရေလုပ်သားငယ်များ၏ အခန်းကဏ္ဍအား သိရှိစေလျက် ငါးများစားသုံးခြင်းမှရရှိသော အာဟာရဓာတ် အကျိုးအမြတ်ကို၄င်း၊ အရည်အသွေး ကောင်းမွန်သော ငါးစသည့် ရေထွက် ပစ္စည်းများအား မည်သို့ ရယူရမည်ကို၄င်း သိရှိမှုတိုးမြှင့်စေရန်အတွက် စားသုံးသူအသိပညာပေးအစီအစဉ်များတွင် ငါးနှင့်ရေထွက်ပစ္စည်းများ စားသုံးမှုကို မြှင့်တင်မှုပြုသင့်သည်။

# ၁၁။ သတင်းအချက်အလက်၊ သုတေသနနှင့် ဆက်သွယ်ရေး

(က) သတင်းအချက်အလက်ကောက်ယူခြင်း




(ခ) အရေးပါမှု




(ဂ) အဂတိလိုက်စားမှု ကာကွယ်တားဆီးခြင်း




(ဃ) သတင်းအချက်အလက်လိုအပ်မှု




(င) သတင်းအချက်အလက်များ



(စ) အသိအမှတ်ပြု ထောက်ပံ့ခြင်း




(ဆ) နည်းပညာနှင့် ဘဏ္ဍာငွေထောက်ပံ့မှု




(ဇ) သတင်းအချက်အလက် စီဆင်းမှု




(ဈ) သုတေသန




(ည) နည်းဗျူဟာများ ပေါ်ထွန်းစေခြင်း




(ဋ) ငါးနှင့် ရေထွက်ပစ္စည်းစားသုံးမှု မြှင့်တင်ခြင်း



## ၁၂။ စွမ်းရည်ဖွံ့ဖြိုးတိုးတက်မှု

က။ နိုင်ငံတော်နှင့်အခြားသက်ဆိုင်နေသူများသည် ဆုံးဖြတ်ချက်ချမှတ်မှု ဖြစ်စဉ်အဆင့်ဆင့်တွင် အသေးစားရေလုပ်သားငယ်များ **ပါဝင်နိုင်မှုစွမ်းရည်အား** မြှင့်တင်ပေးသင့်သည်။ ထိုသို့ဖြစ်ပေါ်စေရန် တရားဥပဒေဖော်ဆောင်မှု၊ လွတ်လပ်၍တရားမျှတမှုနှင့် ကိုယ်စားပြုမှုရှိသော စနစ်အဆင့်ဆင့်တွင် တန်ဘိုးကွင်းဆက်တစ်ခုလုံးရှိ အမျိုးမျိုးသောအသေးစားရေလုပ်ငန်း ကဏ္ဍငယ်အသွယ်သွယ်မှ တော်သင့်မှန်ကန်စွာ ကိုယ်စားပြုနေမှုများ ရှိနေသင့်သည်။

ခ။ နိုင်ငံတော်နှင့် အခြားသက်ဆိုင်နေသူများသည် အသေးစားရေလုပ်ငန်း လုပ်ကိုင်သူများမှ **ဈေးကွက်အခွင့်အလန်းများ** ရရှိနိုင်စေရန် စွမ်းဆောင်ရည် တည်ဆောက်ပေးမှုများအား (ဥပမာအားဖြင့် ဖွံ့ဖြိုးရေးအစီအစဉ်များမှတဆင့်) မြှင့်တင်ပေးသင့်သည်။

ဂ။ သက်ဆိုင်သူအားလုံးတို့သည် စွမ်းရည်ဖွံ့ဖြိုးတိုးတက်မှုအား **ရှိရင်းစွဲအသိများအပေါ်တွင် အခြေတည်သင့်ပြီး အသိပညာလွှဲပြောင်းမှု**မှာ နှစ်လမ်းသွား ဖြစ်စဉ်ဖြစ်သင့်သည်။

ဃ။ သင့်လျော်သော အသေးစားရေလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမှုနှင့် အောင်မြင်သော ပူးတွဲစီမံအုပ်ချုပ်မှုအစီအမံများအား အထောက်အပံ့ပေးရန်အတွက် အလွှာအဆင့်ဆင့်တွင်ရှိသော အစိုးရအာဏာပိုင်များနှင့် အေဂျင်စီများသည် **အသိပညာနှင့် စွမ်းရည်ဖွံ့ဖြိုးတိုးတက်မှု**အတွက် ဆောင်ရွက်သင့်သည်။

*************************************************************************************************

## ၁၃။ အကောင်အထည်ဖော်မှုအထောက်အပံ့များနှင့် စောင့်ကြည့်လေ့လာခြင်း

က။ ပါဝင်သူများအားလုံးတို့သည် ဤလမ်းညွှန်မှုစည်းမျဉ်းများအား နိုင်ငံတော် **ဦးစားပေးမှု**များနှင့် အခြေအနေများအရ အကောင်အထည်ဖော်သင့်သည်။

ခ။ နိုင်ငံတော်နှင့် အခြားသက်ဆိုင်နေသူများသည် **အထောက်အပံ့များ ထိရောက်မှုနှင့် ဘဏ္ဍာငွေ အရင်းအမြစ်များ**အား တာဝန်သိသိသုံးစွဲမှုတို့အား တိုးမြှင့် သင့်သည်။

ဂ။ နိုင်ငံတော်နှင့် ပါဝင်သူများအားလုံးတို့သည် အသေးစားရေလုပ်ငန်းကဏ္ဍအတွင်း လုပ်ကိုင်နေသူများ အကျိုးဖြစ်ထွန်းစေရန်အတွက် ရှင်းလင်းသော၊ မြန်မာပြန်ထားသော လမ်းညွှန်ချက်များအား **ဖြန့်ဝေပေးခြင်း**ဖြင့် လမ်းညွှန်မှုများအား သတိပြုမိလာစေရန် အတူပူးပေါင်းလုပ်ဆောင်သင့်သည်။

ဃ။ နိုင်ငံတော်သည် ၎င်းတို့အဖွဲ့အစည်းများအနေဖြင့် အကောင်အထည်ဖော်မှုဖြစ်စဉ် တိုးတက်မှုအား သိရှိနိုင်ရန် ဦးတည်ချက်များ အကောင်အထည်ဖော်မှု အတွက်၎င်း၊ လမ်းညွှန်မှု စည်းမျဉ်းများ၏ အကြံပြုထောက်ခံချက်များအတွက်၎င်း **စောင့်ကြည့်လေ့လာ**သည့် စနစ်များ၏အရေးပါမှုအား သိရှိမှုရှိသင့်သည်။

င။ နိုင်ငံတော်အနေဖြင့် လမ်းညွှန်မှုစည်းမျဉ်းများ အကောင်အထည်ဖော်မှုအား ရှုမြင်နိုင်စေရန် ကဏ္ဍအလိုက်ကိုယ်စားပြုမှုများနှင့် အရပ်ဖက်လူ့အဖွဲ့အစည်းများ၏ ခိုင်မာသော ကိုယ်စားပြုမှုများနှင့်အတူ **အမျိုးသားအဆင့်အပိုင်းအဝန်းတစ်ခု** ပေါ်ထွန်းလာမှုအား ထောက်ပံ့ကူညီပေးသင့်သည်။

စ။ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ **FAO** အနေဖြင့် ကမ္ဘာလုံးဆိုင်ရာထောက်ပံ့မှုအစီအစဉ် (Global Assistance Programme)အား ၎င်းလမ်းညွှန်စည်းမျဉ်းများ အကောင်အထည်ဖော်မှု၏ ဒေသဆိုင်ရာလုပ်ရှားဆောင်ရွက်မှု အစီအစဉ်များအရ **ပံ့ပိုးကူညီမှု** တိုးမြှင့်သင့်သည်။

# ၁၂။ စွမ်းရည်ဖွံ့ဖြိုးတိုးတက်မှု

(က) ပူးပေါင်းပါဝင်နိုင်စွမ်း




(ခ) ဈေးကွက်အခွင့်အလမ်း




(ဂ) အရိုကိုအခြေခံ၊ ဖလှယ်




(ဃ) အသိပညာနှင့် စွမ်းရည်ဖွံ့ဖြိုးတိုးတက်မှု




# ၁၃။ အကောင်အထည်ဖော်မှု အထောက်အပံ့များနှင့် စောင့်ကြည့်လေ့လာခြင်း

(က) ဦးစားပေးမှုနှင့် အခြေအနေ




(ခ) အထောက်အပံ့ထိရောက်မှု၊ ဘဏ္ဍာငွေအရင်းအမြစ်တိုးမြှင့်မှု




(ဂ) ဖြန့်ဝေခြင်း




(ဃ) စောင့်ကြည့်လေ့လာခြင်း




(င) အမျိုးသားအဆင့် အဝန်းအဝိုင်း




(စ) FAO ၏ ပံ့ပိုးကူညီမှု

